# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၇၅)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် ၂ ရက် ၊ ၁–၆–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား

**နေပြည်တော် မေ ၃၁**

မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Taj Mahal ဟိုတယ်၌ကျင်းပရာ အိန္ဒိယနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အခမ်းအနား ကျင်းပပြုလုပ်မည့် Taj Mahal ဟိုတယ်သို့ရောက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်၊ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII)မှ Senior Advisor ဖြစ်သူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇွန် ၁ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

# အချိန်ကို လေးစားတန်ဖိုးထားရမည်

အချိန်သည် စက္ကန့်တံနှင့်အတူ တရွေ့ရွေ့ကုန်ဆုံးတတ်သည်။ စက္ကန့်၊ မိနစ်၊ နာရီမှသည် ရက်၊ လ၊ နှစ်ရာသီသို့ တိုင်အောင်လည်း အချိန်သည် အတိုင်းအဆမရှိ ရှည်ကြာတတ်သည်။ နွေ၊ မိုး၊ ဆောင်း ရာသီစက်ဝန်းတစ်ဖန်ပြန်၍ လည်လာတတ်သော်လည်း စက္ကန့်၊ မိနစ်တို့ဖြင့် ဖွဲ့စည်းထားသောအချိန်ကမူ တစ်ပတ်ပြန်၍ လည်ပတ်လာမည်မဟုတ်ပါ။

လူ့ဘဝသည် ရခဲလှပြီးတန်ဖိုးရှိသည်။ လူ့ဘဝသည်သာ အရာရာကို ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ အရာရာကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။ အမှုကိစ္စဟူသမျှတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ အများအကျိုး၊ တိုင်းပြည်အကျိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူသားတိုင်း ပြုမူဆောင်ရွက်သင့်သည်များကို ပြောင်းလဲနေသော အချိန်နှင့်လိုက်ဖက်ညီစွာ လုံ့လစိုက်ထုတ်ကာ ဆောင်ရွက်သင့်သည်။ အရာအားလုံးသည်လည်း အချိန်တိုင်းတွင်ပြောင်းလဲနေလေ့ရှိသည်။ ထို့ကြောင့် လူသားတိုင်း တန်းတူရရှိထားသည့်အဖိုးတန်သောအချိန်ကို မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချသင့်သည်။ ရရှိထားသည့်အချိန်ကို ခွဲခြားပိုင်းဖြတ်ပြီး အလုပ်လုပ်တတ်လျှင် တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်သည်။

ထို့ပြင် အလကားရရှိထားသည့်အချိန်ကို လူသားတိုင်း အခမဲ့ယူသုံးနိုင်သည်။ လူတို့၏ အသက်သည်လည်း အချိန်တွင်တည်မှီနေသည် လူတို့၏ဘဝသည်လည်း အချိန်နှင့်တစ်ပြေးညီ ဖြတ်သန်းရှင်သန်နေရသည်။ လုပ်သင့်သောအချိန်တွင် မလုပ်မိပါက အဆုံးအရှုံးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ကုန်လွန်သွားသောအချိန်ကို ပြန်လည်၍ အစားထိုးမရနိုင်ပါ။ ထို့ကြောင့် တိုးတက်ကြီးပွားလိုသူတိုင်း ပညာရှာဖွေလိုသူတိုင်း တရားဘာဝနာရှာဖွေလိုသူတိုင်း အချိန်ကို စနစ်တကျအသုံးချသင့်ပါသည်။

အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝဖြစ်မည်။ တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင်လုံ့လစိုက်မှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်။ အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့်စိတ်ဆန္ဒရှိဖို့သာ လိုရင်းဖြစ်သည်။ အချိန်တိုင်းတွင် မိမိတို့ဆောင်ရွက်သင့်သည်များကို လုံ့လစိုက်၍ ဆောင်ရွက်သင့်သည်။ လုံ့လ၊ ဝီရိယမပါလျှင် မည်သည့်ကိစ္စမျှ မအောင်မြင်နိုင်ပေ။ လုံ့လဟူသည် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်း၊ တစ်နည်းအားဖြင့် ကြိုတင်ပြင်ဆင်ခြင်း သဘောပင်ဖြစ်သည်။ လုံ့လစိုက်ထုတ်ရာတွင်လည်း ညီညွတ်မျှတသော လုံ့လသာလျှင်ဖြစ်သင့်သည်။

လူ့ဘဝသည် တစ်ခဏသာဖြစ်သည်။ လူ့ဘဝတွင် ရရှိလာသောအချိန်သည် အကန့်အသတ်ရှိသည်။ ထို့ကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ဟု ဆိုရိုးပြုခဲ့ကြသည်။ အချိန်ကို လေးစားတန်ဖိုးထားရမည်ဖြစ်သည်။ မိမိတို့အသက်သည် တန်ဖိုးရှိသကဲ့သို့ အချိန်သည်လည်းတန်ဖိုးရှိမည်ဖြစ်သည်။ အချိန်တန်ဖိုးကြီးမားသည်ဆိုခြင်းမှာ အကြောင်းမဲ့ဆိုခြင်းမဟုတ်ပါ။ ခိုင်မာသော အကြောင်းအကျိုးဆက်နွယ်မှုများရှိသည်။ ကန့်သတ်ထားသော အချိန်အတွင်း၌သာ အခွင့်အလမ်းများကို ရယူနိုင်မည်ဖြစ်သည်။ အချိန်ကိုလေးစားတန်ဖိုးထားရုံနှင့်မပြီးသေးပါ။ လူ့ဘဝသက်တမ်းတစ်လျှောက် စိတ်ချမ်းသာ ကိုယ်ကျန်းမာနှင့်နေထိုင်နိုင်အောင် အားထုတ်ရမည်ဖြစ်သည်။ အားထုတ်နည်းမှာ ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းခြင်းဖြစ်သည်။ လူ့ဘဝရခြင်းသည်လည်း မနုဿတ္တဘာဝေါ ဒုလ္လဘောဟူသည်နှင့်အညီ ထိုက်ထိုက်တန်တန်ရခြင်းဖြစ်သည်။ သို့ဖြစ်ရာ လူတိုင်းလူတိုင်းအောင်မြင်မှုရယူလိုလျှင် အချိန်ကို လေးစားတန်ဖိုးထားရမည်ဖြစ်သည်။ တန်ဖိုးရှိသောအချိန်ကို အကျိုးရှိရှိအသုံးချပြီး မှန်မှန်ကန်ကန်ကြိုးစားအားထုတ်ရန်အတွက် ဖွဲ၊ လုံ့လကို အရင်းတည်ကာ နေထိုင်သွားလာရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနၖ် "လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး" စာအုပ်စာဖတ်ဝိုင်း ကျင်းပ

**ကျောက်ဆည် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်းပြီး ယနေ့မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနၖ် ဆရာအောင်သင်းရေးသားသည့် "လူငယ်ရဲ့ဘဝနှင့်တန်ဖိုး" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော်-ကျောက်ဆည်) က လူငယ်ရဲ့ဘဝနှင့်စာအုပ်မှ ခွင့်လွှတ်သောမျက်စိဖြင့်ကြည့်ပါ၊ ဘဝရဲ့အဓိပ္ပာယ်၊ အချိန်ကိုဘယ်လိုအသုံးချမလဲ၊ လုပ်အားနှင့်တည်ဆောက်ထားတဲ့တန်ဖိုး၊ ရဲမှုမင်းဖြစ်မည်စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

## မင်းဘူး(စကု)မြို့နယ်၌ မိုးသီးနှံစုံ ဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

**မင်းဘူး မေ ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးသီးနှံသီးနှံစုံ ၁၅၆၉၀၅ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံအဖြစ် သီးနှံစုံ စိုက်ပျိုးရန် လျာထားလျက်ရှိရာ မိုးစပါး ၄၁၃၀၇ ဧက၊ မိုးနှမ်း ၆၃၈၁၁ ဧက၊ နေကြာ ၆၅၉၁ ဧက၊ မြေပဲ ၁၇၀၅၅ ဧက၊ ပဲတီစိမ်း ၂၈၁၄၁ ဧက ဖြစ်၍ စုစုပေါင်းသီးနှံစုံ ၁၅၆၉၀၅ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးမော်ထံမှ သိရသည်။

အဆိုပါ စိုက်ပျိုးမည့်တောင်သူများအား ယခုနှစ်မိုးရာသီ သီးနှံစုံစိုက်ပျိုးရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့က ကူညီအားပေးကာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့်ရရှိရေး၊ အချိန်မီ စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေသြဇာများ အချိုးညီညီ သုံးစွဲတတ်စေရေး၊ မြေယာပြုပြင်ခြင်း၊ ပျိုးထောင်ခြင်းစသော နည်းပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၄)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## မဟာစိန်ဖူးတော်တင်လှူပွဲ ကျင်းပ

**တောင်ကြီး မေ ၃၁**



တောင်ကြီးမြို့၊ အောင်သပြေရပ်ကွက်၊ ဂူကြီးမွေတော်ဘုရားတောင်ရှိ အထက်စက်တော်ရာစေတီတော်ကြီး၏ အရံစေတီ ၃၁ ဆူနှင့် တံခွန်တိုင်စေတီတစ်ဆူစုစုပေါင်း ၃၂ ဆူတို့၏ မဟာစိန်ဖူးတော်တင်လှူပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါစေတီတော်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရေပူဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ပညာနန္ဒ၊ ဂူကြီးမွေတော်ဆရာတော်နှင့်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များ၊ မဟာစိန်ဖူးတော် မတည်အလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗိုလ်မောင်မြင့်၊ အလှူရှင် ဒေါ်အိအိချိုနှင့် ယောဂီလေးဦး၊ ထီးတော်နှင့်စိန်ဖူးပညာရှင် ကိုကျော်လင်းသန့်နှင့် အလှူရှင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီစဉ်အရ ရေပူဆရာတော်က စိန်ဖူးတော် သုံးဆူကို ကိုယ်တိုင်တင်လှူပူဇော်ကာ နံနက် ၁၁ နာရီတွင် စိန်ဖူးတော်အားလုံး တင်လှူပြီးစီးခဲ့သည်။

ဆက်လက်၍ ရေပူဆရာတော်ကြီးနှင့် သံဃာတော် အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည် ထိုစေတီတော် ၃၂ ဆူမှာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြီးကြောင့် စိန်ဖူးတော်၊ ထီးတော်များပျက်စီးခဲ့ရပြီး အလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာ ဗိုလ်မောင်မြင့်က ဦးဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခဲပုံ)
(၀၄၁)

## Rainbow Rhythm Zumba အစီအစဉ် မန္တလေးမြို့၌ ကျင်းပ

**မန္တလေး မေ ၃၁**

ကျန်းမာရေးနှင့် ကိုယ်လက်လှုပ်ရှားမှုမြှင့်တင်ရေး ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် Rainbow Rhythm Zumba အစီအစဉ်ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ Mingalar Mandalay Hotel တွင် ကျင်းပသည်။

အဆိုပါ အစီအစဉ်တွင် Zumba Instructor Awin မှ ဦးဆောင်သင်ကြားပေးခဲ့ပြီး Guest Instructors များဖြစ်ကြသည့် Soe Htet၊ Htet Htet၊ Gyun Gyun၊ Shwe Shwe၊ Eaint၊ Kel Kel နှင့် Zin Zin တို့က ပါဝင်အားဖြည့်ကူညီပေးခဲ့ကြသည်။

Zumba Dance Fitness လှုပ်ရှားမှုများကို စိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲခဲ့ကြသည့် တက်ရောက်လာသူများသည် စည်းချက်ညီညီ ကခုန်လေ့ကျင့်ခဲ့ကြပြီး ကျန်းမာကြံ့ခိုင်မှုနှင့် ပျော်ရွှင်ဖွယ် အတွေ့အကြုံများကို ရရှိခဲ့ကြသည်။

ထို့ပြင် အဆိုပါ Rainbow Rhythm Zumba အစီအစဉ်သည် Zumba ဝါသနာရှင်များ အချင်းချင်း ချိတ်ဆက်တွေ့ဆုံနိုင်သည့် အခွင့်အရေးတစ်ရပ် ဖန်တီးပေးနိုင်ခဲ့သည့်အပြင် ကျန်းမာရေးကို အထောက်အကူပြုသော လူမှုအသိုင်းအဝိုင်းတစ်ခု တည်ဆောက်နိုင်ရေးအတွက်လည်း အကျိုးပြုခဲ့သည်။

Rainbow Rhythm Zumba အစီအစဉ်ကို တက်ရောက်သူများ၏ တက်ကြွစွာပါဝင်အားပေးမှုများဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-စ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ယင်းနောက် အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ် Mr. A,nant Swa,rup Ji၊ အိန္ဒိယ စက်မှုလက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (CII)မှ Senior Advisor Dr. Vikramjit Singh Sahney Ji၊ ဖိတ်ကြားထားသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

## မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှည်လျားလှသည့် ကုန်းမြေနှင့် ရေပြင် နယ်နိမိတ်ချင်း ထိစပ်နေရုံသာမက ရိုးရာယဉ်ကျေးမှုချင်း ဆက်နွှယ်နေပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ခိုင်မာသည့် သမိုင်းဝင်ချစ်ကြည်မှု အခြေခံကောင်းများရှိကြသည့် "အိမ်နီးချင်းကောင်း" နိုင်ငံများ ဖြစ်ကြကြောင်း၊ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ မြေမြတ်မဟာဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါ ဗုဒ္ဓတရားတော်များနှင့် ယဉ်ကျေးမှုတို့ကို ယနေ့တိုင် အလေးအနက် တန်ဖိုးထားလိုက်နာ ထိန်းသိမ်းထားသည့်နိုင်ငံ ဖြစ်ကြောင်း။

ထိုသို့ ဓမ္မကြောင်းအရ၊ သမိုင်းကြောင်းအရ ဆက်နွှယ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့သည် မိမိတို့နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် စိန်ရတုမှတ်တိုင်ကို အတူဖြတ်ကျော်ခဲ့ပြီး ယခုအခါ ၇၈ နှစ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကိုလိုနီလက်အောက်တွင် အတူတကွနေခဲ့ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့်ရှေးယခင်ကတည်းက ကူးလူးဆက်ဆံမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိပြီး ယနေ့ထက်တိုင် အေးအတူ ပူအမျှ အတူတကွနေထိုင်လုပ်ကိုင်လျက်ရှိကြကြောင်း။

ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့်မူဝါဒ (Act East Policy)နှင့် (Neighbourhood First Policy)တို့ကို ပိုမိုမြဲမြံခိုင်မာစေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အဆွေတော်တို့ သိရှိပြီးဖြစ်သည့်အတိုင်း မိမိတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာအားကောင်းအောင် မိမိအနေဖြင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

## မြန်မာ - အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

လက်ရှိအချိန်တွင် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာသည်နှင့်အမျှ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများ တိုးတက်ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများတွင်ပါဝင်ပြီး မြန်မာနိုင်ငံက စတုတ္ထမြောက် ပို့ကုန်အများဆုံးတင်ပို့နေသည့် နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံကို ဆဋ္ဌမမြောက် သွင်းကုန်အများဆုံး တင်သွင်းနေသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုသည် နှစ်စဉ် ပျမ်းမျှ ၁ ဒသမ ၅ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ပိုများပြားကြောင်း။

မြန်မာနိုင်ငံမှ အိန္ဒိယသို့ မတ်ပဲ၊ ပဲစင်းငုံနှင့် မြေထောက်ပဲ၊ ရေထွက်ပစ္စည်း၊ ချုပ်ပြီးအထည်၊ သစ်ပါးလွှာနှင့် အထပ်သားတို့ကို အဓိကတင်ပို့နေပြီး မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယထုတ်ကုန်များဖြစ်သည့် ဆေးဝါး၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လယ်ယာသုံးစက်ပစ္စည်းများကို အဓိကတင်သွင်းနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံမှ ပို့ကုန်များ တိုးမြှင့်နိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ ဥပမာအားဖြင့် သံနှင့် သံမဏိ၊ ဆေးဝါး၊ ဓာတုဗေဒပစ္စည်းများ ဖြစ်ကြောင်း။

## အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၉ ခု၊ အမေရိကန်ဒေါ်လာ ၇၈၂ ဒသမ ၃၈၅ သန်းနှင့် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယရင်းနှီးမြှုပ်နှံမှုသူများ အနေဖြင့် မြန်မာနိုင်ငံ၏ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့တွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

## မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာ တိုးတက်နေသည့် အာဆီယံဒေသတွင်း အချက်အချာကျသည့်နေရာတွင် ရှိနေကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတု၊ လုပ်သားအင်အားနှင့် လုံလောက်သည့် စိုက်ပျိုးမြေအကျယ်အဝန်းရှိပြီး အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကိုအသုံးချပြီး စားရေရိက္ခာအဓိကထုတ်လုပ်သည့်နိုင်ငံ ဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေကြောင်း။

အိန္ဒိယနိုင်ငံသည် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများတွင် အားကောင်းသည့်အတွက် မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အခွင့်အလမ်းများရှိကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအတွက် လိုအပ်သည့် ဆေးဝါးများကို ပြည်ပမှတင်သွင်းလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် ဆေးဝါး (Generic Medicine) ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဝါးလိုအပ်ချက် ၆၀ ရာခိုင်နှုန်းဝန်းကျင်ခန့်ကို အိန္ဒိယနိုင်ငံမှ တင်သွင်းနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိကြောင်း။

MSME လုပ်ငန်းများသည် မြန်မာ့စီးပွားရေး၏ မောင်းနှင်အားဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် နည်းပညာတိုးတက်မှုများကိုလည်း မိမိတို့အနေဖြင့် များစွာအသိအမှတ်ပြုကြောင်း၊ စက်မှုအုပ်စုများ (Industrial Clusters) တည်ထောင်ခြင်း၊ နည်းပညာလွှဲပြောင်းရယူခြင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများ (Vocational Training) ပူးပေါင်းဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံ အကျိုးရှိမည့် Value Chain တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုကုန်ကျစရိတ်နှင့် အချိန်ကို လျှော့ချနိုင်ရန် ပို့ဆောင်ဆက်သွယ်ချိတ်ဆက်မှုသည် အလွန်အရေးကြီးကြောင်း။

ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Transit Transport Project)နှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး (Trilateral Highway) တို့သည် နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက အာဆီယံ-အိန္ဒိယ စီးပွားရေးစင်္ကြံကိုပါ ဖွင့်လှစ်ပေးမည့် သော့ချက်များ ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါစီးပွားရေးစင်္ကြံများတစ်လျှောက် အထူးစီးပွားရေးဇုန်များ (SEZs) နှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံ (Logistics Hubs)များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေကြောင်း။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဦးစားပေးဖိတ်ခေါ်မှု

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဝန်ဆောင်မှု၊ ဆေးဝါးထုတ်လုပ်မှု၊ စွမ်းအင်ဆိုင်ရာ အခြေခံ အဆောက်အအုံများအဖြစ် သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် ကဏ္ဍများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ် ဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်၏လိုအပ်ချက်အရ ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် သံမဏိ ထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရန် လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီ ထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးဝန်ဆောင်မှုများဖြင့် အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းထွက်ကုန်အခြေခံ သစ်အချောထည် ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သားနှင့် သစ်ခွဲသားထုတ်လုပ်မှုလုပ်ငန်းများအပြင် အဆင့်မြင့်ချည်၊ အဆင့်မြင့် ရော်ဘာနှင့် ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အထူးအလေးထား ဆောင်ရွက်နေကြောင်း။

အထူးသဖြင့် စည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒစ်ဂျစ်တယ်စနစ် (Digital Transformation)သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ (၂၀၃၀)ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြေဧရိယာ ဧက ၁၀၀၀၀ ခန့်အား ရတနာပုံဆိုက်ဘာစီးတီး (ရတနာပုံမြို့သစ်) စီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် IT ကဏ္ဍတွင် အောင်မြင်ပြီးဖြစ်သည့် အိန္ဒိယလုပ်ငန်းရှင်များအနေဖြင့် IT နှင့် ဒစ်ဂျစ်တယ် ဝန်ဆောင်မှုလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများပင်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

**✲ နိုင်ငံတော်၏လိုအပ်ချက်အရ ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်စေရန် လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်း စသည့်ကဏ္ဍများတွင် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးဝန်ဆောင်မှုများဖြင့် အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်**

**✲ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အထူးအလေးထားဆောင်ရွက်နေ**

☆ စာမျက်နှာ ၃ မှ

အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းဦးစားပေးမူဝါဒ၊ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့်မူဝါဒ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးအရ အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လက်ရှိထက်အဆများစွာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများရှိနေခြင်းဖြစ်ကြောင်း၊ အဆိုပါအလားအလာများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ပိုမိုနီးကပ်စွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆောင်ရွက်မှု**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးသည် လုပ်ငန်းရှင်များအတွက် အရေးကြီးသည်ကို ကောင်းစွာသိရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုအချို့ကို မျှဝေလိုကြောင်း၊ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ရူပီး-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို ၂၀၂၄ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစနစ်သည် "Special Rupee Vostro Account (SRVA)ကို အသုံးပြုပြီး နှစ်နိုင်ငံငွေကြေးဖြစ်သည့် ရူပီး-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ဖြစ်သည့်အတွက် စရိတ်စကသက်သာစွာဖြင့် ဆောင်ရွက်နိုင်ပြီး နယ်စပ်ကုန်သွယ်မှုသာမက ပုံမှန်ကုန်သွယ်မှုအတွက်လည်း ပါဝင်ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရေး အစဉ်တစိုက်ကြိုးပမ်းလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန် ကုန်အမှတ်တံဆိပ် စက်မှုဒီဇိုင်းတီထွင်မှုနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေတို့သည် ၂၀၂၄ ခုနှစ်တွင် အပြည့်အဝအသက်ဝင်လည်ပတ်နေပြီဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်အသစ် ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အားကောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အိန္ဒိယလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးဖိတ်ခေါ်လိုကြောင်း၊ မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် စီးပွားရေးတွက်ခြေကိုက်မှုတစ်ခုတည်းကို သာမကဘဲ ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု (Ecology and Economy Balancing) ကိုလည်းအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလေးထားသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု (Responsible Investment) များကို အပြည့်အဝ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိသည့် အိန္ဒိယရင်းနှီးမြှုပ်နှံသူများ၏ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အလားအလာများအတွက် အာဆီယံနှင့် တရုတ်နိုင်ငံတို့သို့ ဆက်သွယ် ချိတ်ဆက်ပေးထားသည့် အသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းပါဝင်လာနိုင်ခြင်းသည် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် Business-to-Business Engagement များ တိုးတက်လာစေရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းကြောင်းအရ ထူးခြားပြီး ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုဆက်ဆံရေးများအပေါ် အခြေခံတည်ဆောက်ထားသော ခိုင်မာသည့် ဆက်ဆံရေးဖြစ်ကြောင်း၊ နှစ်နိုင်ငံသည်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ကုန်သွယ်ရေး၊ ချိတ်ဆက်မှု၊ အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဒီဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စသည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့လာနိုင်ပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှာ နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် အခွင့်အလမ်း များစွာရှိပါကြောင်း၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားလိုမှု၊ မြန်မာ့ပဲအမျိုးမျိုးသည် အရည်အသွေးမြင့်ခြင်းကြောင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုကြောင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်နိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြသည်။

**ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်နိုင်ငံအကြား ငွေကြေးလဲလှယ်မှုဆိုင်ရာများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ အခွန်ကောက်ခံမှုစနစ်များကိုလည်း သတ်မှတ်ချက်များနှင့်အညီသာ ကောက်ခံလျက်ရှိမှု၊ ကုန်သွယ်မှုများ ငွေပေးချေမှုများကို အဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်

- ★ **မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိ**
- ★ **မိမိအနေဖြင့် ကုန်ပစ္စည်းများရောင်းချရာတွင် အမြတ်နည်းနည်းဖြင့် အရေအတွက်များများရောင်းချသည့် မူဝါဒကို ချမှတ်ထား**
- ★ **အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများဖြစ်သည့် သံနှင့်သံမဏိများ၊ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရောင်းချမည်ဆိုပါကလည်း မိမိတို့အနေဖြင့် ဖိတ်ခေါ်**
- ★ **မိမိတို့နိုင်ငံမှတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်ရောင်းချနိုင်သည့် ဈေးကွက်လည်းရှိကြောင်း၊ ထားဝယ်ရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်**

တံတားတစ်စင်း (Land Bridge) သဖွယ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်ဦးနှစ်ဖက် ရေရှည်မျှဝေခံစားကြမည့် "Win-Win" အခြေအနေကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးများနှင့် မြန်မာနိုင်ငံ၏ကြွယ်ဝသည့် သဘာဝသယံဇာတ၊ တည်နေရာအချက်အချာ၊လူငယ်လုပ်သားထုတို့ကို အထိရောက်ဆုံး ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value-added)နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို မျှဝေခွင့်ရသည့်အတွက်အထူးဝမ်းမြောက်ကြောင်း၊ ယနေ့ တွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲကာ နှစ်နိုင်ငံပြည်သူများအတွက် သာယာဝပြောသည့် အနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်နှင့် အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(CII)မှ Senior Advisor ဖြစ်သူတို့က ပြန်လည်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှည်လျားသည့် မိတ်ဖက်ဆက်ဆံရေးရှိပြီး မိမိတို့အနေဖြင့် လွန်စွာတန်ဖိုးထားပါကြောင်း၊ မြန်မာနိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများ

မြန်မာ- အိန္ဒိယနှစ်နိုင်ငံတို့သည် လွန်စွာအလားအလာကောင်းသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးကို တိုးမြှင့်စွမ်းဆောင်ရန် အကောင်းဆုံးအနေအထားတွင်ရှိနေပါကြောင်း၊ ယနေ့ကဲ့သို့သော တွေ့ဆုံဆွေးနွေးမှုသည် မဟာဗျူဟာရည်ရွယ်ချက်များကို လက်တွေ့ကျသောရလဒ်များအဖြစ် ဆောင်ရွက်နိုင်သည့်နည်းလမ်းများဖြစ်သည်ကို တွေ့ရပါကြောင်း၊ ယနေ့တွေ့ဆုံမှုမှတစ်ဆင့် ပိုမိုခိုင်မာသော စီးပွားရေးချိတ်ဆက်မှုများ၊ လက်တွေ့ကျသောရလဒ်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေး**

ဆက်လက်၍ အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်အစိုးရမှ အားပေးထောက်ပံ့ပေးစေလိုမှု၊ နှစ်နိုင်ငံကုန်သွယ်မှုအကြား ငွေကြေးလဲလှယ်မှုဆိုင်ရာများနှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို ကောင်းစွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိပြီးဖြစ်သောကြောင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေး အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးကုမ္ပဏီများကို ဖိတ်ခေါ်ရာတွင် မည်ကဲ့သို့ဖိတ်ခေါ်လိုမှု၊ မြန်မာနိုင်ငံတွင် IT နည်းပညာတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ အိန္ဒိယနိုင်ငံ ကုမ္ပဏီများအပေါ် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်စေလိုမှု၊ ကုန်သွယ်မှုလုပ်ငန်းများ

ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေးအတွက် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း၊နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ IT လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် လိုအပ်သည့်ဖြေလျှော့မှုများကို ဆောင်ရွက်ပေးနိုင်မှုနှင့် လတ်တလောကာလတွင် ပြင်ဦးလွင်မြို့ရှိ ရတနာပုံဆိုက်ဘာစီးတီးတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် အိန္ဒိယနိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံနိုင်မှုများကို ဖိတ်ခေါ်ကြောင်း၊ ကုန်သွယ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာအားကောင်းရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများတွင် မိမိတို့အနေဖြင့် အာမခံနိုင်သည့် လုပ်ငန်းများကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းရန်လိုကြောင်း။

မိမိအနေဖြင့် ကုန်ပစ္စည်းများရောင်းချရာတွင် အမြတ်နည်းနည်းဖြင့် အရေအတွက်များများ ရောင်းချသည့်မူဝါဒကို ချမှတ်ထားကြောင်း၊ အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများဖြစ်သည့် သံနှင့်သံမဏိများ၊ ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရောင်းချမည်ဆိုပါကလည်း မိမိတို့အနေဖြင့်ဖိတ်ခေါ်ကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်ရောင်းချနိုင်သည့် ဈေးကွက်လည်းရှိကြောင်း၊ ထားဝယ်ရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ကြောင်း။

ကုန်သွယ်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်စေလိုကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပစ္စည်းများ တိုက်ရိုက်တင်သွင်းခြင်းကို မဖြစ်မနေခွင့်ပြုပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှလိုအပ်သည့်ပစ္စည်းများကို တင်ပို့နိုင်ရေး ဆောင်ရွက်သွားစေလိုကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် နှစ်ဖက် ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့အစည်းတစ်ခုကိုဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

IT လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့် နှစ် ၂၀ ခန့်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးတွင် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့်နှောင့်နှေးနေခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုပါက ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် IT နည်းပညာနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရန် များစွာလိုအပ်နေသေးကြောင်း၊ ယခုအခမ်းအနားသို့ တက်ရောက်လာကြသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံသည် သမိုင်းကြောင်းအရ များစွာတူညီမှုရှိကြောင်း၊မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိကြောင်း၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပြီး ယဉ်ကျေးမှုဆိုင်ရာများတွင်လည်းပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီများသည် ရှေးယခင်ကတည်းကလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေကိုလည်း သိရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး စီးပွားရေးနှင့်ပတ်သက်၍လည်း ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံတွင် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် အတူ နေ့လယ်စာကိုအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ NETRA (NTPC Energy Technology Research Alliance) သို့ သွားရောက်လေ့လာ

နေပြည်တော် မေ ၃၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် Greater Noida မြို့ရှိ NETRA (NTPC Energy Technology Research Alliance) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် NETRA (NTPC Energy Technology Research Alliance) သို့ ရောက်ရှိကြရာ ကုမ္ပဏီအကြီးအကဲ Mr. Gurdeep Singh နှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကုမ္ပဏီကွန်ဖရန့်ခန်းမ၌ နိုင်ငံတော်သမ္မတနှင့် ကုမ္ပဏီ အကြီးအကဲတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက NETRA (NTPC Energy Technology Research Alliance) ၏ လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။


ဆက်လက်၍ NETRA (NTPC Energy Technology Research Alliance)၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကာဗွန်ထုတ်လုပ်မှု သုညအဆင့် အထိလျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စွမ်းအင်ကူးပြောင်းမှုဆိုင်ရာ စီမံချက်နှင့်ကိုက်ညီသော NETRA ၏ လုပ်ဆောင်မှုများ၊ NTPC သည် ၎င်း၏ CCUS နည်းပညာကို ပိုမိုကြီးမားသော အတိုင်းအတာဖြင့် တိုးမြှင့်အကောင်အထည်ဖော်ရန် NTPC Pudimadaka တွင် စတင်ဆောင်ရွက်နေမှု၊ ဂရင်းဟိုက်ဒရိုဂျင် ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကြာရှည်ခံ စွမ်းအင် သိုလှောင်မှုစနစ်၊ ရေ/ရေအရင်းအမြစ်နည်းပညာများ၊ နေရောင်ခြည် စွမ်းအင်သုံးစနစ်၊ အဆင့်မြင့်သိပ္ပံနည်းကျ စွမ်းအင်ထုတ်လုပ်မှုများ၊ NETRA (NTPC Energy Technology Research Alliance) ၏ ITEC စွမ်းရည်တိုးတက်ရေးအစီအစဉ်များမှ မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆင့်မြင့်သိပ္ပံနည်းကျ စွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် $CO_2$ Based Closed Brayton Cycle Energy Storage System၊ Plasma Gasification based Green Hydrogen Generation from MSW-RDF/ Agri-waste၊ 10 TPD Flue Gas-$CO_2$ To Methanol Plant(FG-CTM) ပုံစံငယ်များကို ကြည့်ရှုလေ့လာရာ ကုမ္ပဏီအကြီးအကဲနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြင့်သိပ္ပံနည်းကျစွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပုံစံငယ်များကို ကြည့်ရှုလေ့လာစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက ကုမ္ပဏီသို့ ရောက်ရှိလေ့လာမှု အထိမ်းအမှတ်အဖြစ် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် NETRA (NTPC Energy Technology Research Alliance) ကုမ္ပဏီအကြီးအကဲ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



အဆင့်မြင့်သိပ္ပံနည်းကျစွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပုံစံငယ်ကို တွေ့ရစဉ်။

ဆက်လက်ပြီး NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှု အဆင့်ဆင့်လုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက နေရောင်ခြည်စွမ်းအင်၊ ဘက်ထရီ သိုလှောင်မှုစနစ်၊ ဟိုက်ဒရိုဂျင် အခြေခံစွမ်းအင် ထုတ်လုပ်မှုစနစ်၊ မြူနီစီပယ် အမှိုက်စွန့်အမှိုက်များမှ ဓာတ်အား ထုတ်ယူမှုများကို အဆင့်အလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာဖြင့် ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

အဆိုပါ NETRA (NTPC Energy Technology Research Alliance) သည် အိန္ဒိယနိုင်ငံတွင် အကြီးဆုံး စွမ်းအင်ကုမ္ပဏီလုပ်ငန်းစုကြီးဖြစ်သော NPC Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို အဓိက လုပ်ဆောင်ခြင်း ဖြစ်ကြောင်း၊ NETRA ကုမ္ပဏီသည် စွမ်းအင်ကဏ္ဍအတွက် နောက်ဆုံးပေါ်၊ ရေရှည်တည်တံ့ပြီး စီးပွားရေးအရ တွက်ခြေကိုက်သော နည်းပညာများ တီထွင်ဖန်တီးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့၏ အဓိကဦးစားပေး လုပ်ငန်းနယ်ပယ်များမှာ ထိရောက်မှု မြှင့်တင်ရေးနှင့် ကုန်ကျစရိတ်လျှော့ချရေး၊ စွမ်းအင်သစ်များနှင့် ပြန်လည် ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေထိန်းသိမ်းရေး၊ ပြာအသုံးချမှု ကာဗွန်ဖမ်းယူမှု၊ အသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတို့ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးတို့ပါဝင်ကြောင်း၊ NETRA သည် သုတေသနအပြင် ဓာတ်အားပေးစက်ရုံများနှင့် အခြားပြည်သူ့ဝန်ဆောင်မှုများကို လည်း ဆောင်ရွက် ပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှုအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာစဉ်။

# နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အဲဒီအချိန်က နိုင်ငံတော်ကို တာဝန်ယူခဲ့တဲ့ NLD အစိုးရအဖွဲ့ဟာ ၎င်းတို့ပါတီရဲ့ အာဏာဆက်လက်တည်တံ့ရေးအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်မှာ မဲမသမာမှုပေါင်းများစွာကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်ရဲ့ အာဏာကို အဓမ္မနည်းလမ်းဖြင့် ဆက်လက်ရယူဖို့ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြတယ်။ ဒီလိုလုပ်ဆောင်ခြင်းကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ရတယ်။

ဒီလိုတပ်မတော်ရဲ့ မလွှဲမရှောင်သာ တာဝန်ယူရမှုကို မလိုလားတဲ့ နိုင်ငံအချို့နဲ့ ပြည်ပအဖွဲ့အစည်းအချို့ဟာ တပ်မတော်ရဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်မှုကို အခက်အခဲဖြစ်စေဖို့ နိုင်ငံရေးနည်းလမ်းများ၊ စီးပွားရေးနည်းလမ်းများ အပါအဝင် နည်းလမ်းပေါင်းစုံနဲ့ အဘက်ဘက်ကနေ ပိတ်ဆို့နှောင့်ယှက်ပေးမှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ တပ်မတော်ရဲ့ နိုင်ငံရေးတာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်တဲ့ PDF အမည်ခံ အကြမ်းဖက်သမားများ ပေါ်ပေါက်လာခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် EAO တွေအပေါ် နောက်ကွယ်ကနေ ထောက်ပံ့ပေးမှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုအနောက်ကနေ သွေးထိုးလှုံ့ဆော်ပြီး အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးနေမှုတွေကြောင့် မိမိတို့နိုင်ငံအတွင်းက အကြမ်းဖက် သောင်းကျန်းမှုတွေဟာ သက်ဆိုးရှည်ကြာလာခဲ့ရပါတယ်။

ယနေ့အချိန်မှာတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ရွေးချယ်တင်မြှောက်ခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ဟာ နိုင်ငံတော်ကို ဦးဆောင်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေပြီပဲ ဖြစ်ပါတယ်။ ဒီလိုလွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ မဲဆန္ဒရှင် စုစုပေါင်း၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းက ၎င်းတို့ ဆန္ဒအလျောက် ဆန္ဒမဲပေးခဲ့ကြပြီး အဲဒီအထဲမှာ လူငယ်နှင့် လူလတ်ပိုင်းအများစု ပါဝင်ခဲ့ကြတာကို ဆန္ဒမဲပေးခဲ့ကြတဲ့ ပြည်သူများ အားလုံး အသိပဲဖြစ်ပါတယ်။



မေ ၃၀ ရက်က အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘီဟာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂါယာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ဒီလိုရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်မှာလည်း နိုင်ငံတကာက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များပါလာရောက်လေ့လာခဲ့ကြပြီး မြန်မာနိုင်ငံရဲ့ ယခုကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်တယ်ဆိုတာကို လာရောက်ခဲ့ကြတဲ့ နိုင်ငံတကာက စောင့်ကြည့် လေ့လာကြသူများရဲ့ ပြောကြားမှုများကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အချို့နိုင်ငံများအပါအဝင် ဒီလို ပွင့်လင်းမြင်သာစွာဖြင့် ဒီမိုကရေစီနည်းလမ်းတကျနဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ မိမိတို့နိုင်ငံရဲ့ ရွေးကောက်ခံအစိုးရအပေါ်မှာ ၎င်းတို့အလိုကျ ခြယ်လှယ်နိုင်မယ့် အစိုးရအဖွဲ့ မဟုတ်တဲ့အတွက် ၎င်းတို့အနေနဲ့ မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိနှိပ်ဆန့်ကျင်နေကြဆဲပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီနည်းလမ်းတကျနဲ့ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အစိုးရသစ်ဟာ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိတ်ဆို့မှုအမျိုးမျိုးကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့လည်း တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ရပ်ကွက်တစ်ခုလို့ဆိုရာမှာ အိမ်တစ်အိမ်တည်း၊ ခြံတစ်ခြံတည်း ဖွဲ့စည်းလို့မရပါဘူး။ ဒီလိုပါပဲ ကမ္ဘာပေါ်က နိုင်ငံတွေအနေနဲ့လည်း အိမ်နီးချင်း၊ ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေး ကောင်းမွန်ဖို့ အစဉ်ကြိုးပမ်းလုပ်ဆောင်ကြရပါတယ်။

၎င်းတို့ သက်ဆိုင်ရာအလိုက် ဝင်ရောက်ထားတဲ့ အဖွဲ့ဝင်နိုင်ငံများ၊ ရေနယ်နိမိတ်၊ လေနယ်နိမိတ်နဲ့ ကုန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိတဲ့ အိမ်နီးချင်းနိုင်ငံများလည်းရှိကြပါတယ်။

အဓိကအားဖြင့် နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တည်တံ့ခိုင်မြဲနေဖို့ လိုအပ်ပါတယ်။ ဒီလိုကောင်းမွန်နေဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ၊ ရင်းနှီးကျွမ်းဝင်မှုတွေရှိနေဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတွေအနေနဲ့ မိမိတို့အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ရေးအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ အိမ်နီးချင်းနိုင်ငံအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေမှသာ နှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုအခါမှာလည်း မိမိတို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဟာ မိမိတို့နိုင်ငံရဲ့ အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီရဲ့ ဖိတ်ကြားမှုအရ အိန္ဒိယသမ္မတနိုင်ငံသို့ မေ ၃၀ ရက် နံနက် ၈ နာရီတွင် နေပြည်တော်လေဆိပ်ကနေ အထူးလေယာဉ်နဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာခဲ့ပါတယ်။ ဒီလိုထွက်ခွာတဲ့ အချိန်မှာ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတများဖြစ်ကြတဲ့ ဦးညိုစောနဲ့ ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးတွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးနဲ့ စစ်သံရုံးမှ တာဝန်ရှိသူတွေဟာ လေဆိပ်မှာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာတဲ့ အထူးလေယာဉ်ကြီးဟာ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂါယာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒေသစံတော်ချိန် နံနက် ၉ နာရီမှာ ရောက်ရှိကြပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ဂါယာအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်၊ မြန်မာကောင်စစ်ဝန်ချုပ်နဲ့ ဘီဟာပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတွေက လှိုက်လှဲနွေးထွေးစွာနဲ့ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ အဲဒီလိုကြိုဆိုနှုတ်ဆက်တဲ့ အချိန်မှာလည်း ဘီဟာပြည်နယ်မှ ဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံတော်သမ္မတကို ဂုဏ်ပြုကြိုဆိုခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ နွေရာသီဟာ အပူရှိန်မြင့်မားလေ့ရှိပြီး မိမိတို့မလာရောက်မီ ရက်ပိုင်းက မိုးရွာသွန်းထားသဖြင့် ရာသီဥတုအနေအထားမှာ သင့်တင့်မျှတပြီး ကောင်းမွန်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ရောက်ရှိနေတဲ့နေရာဟာ မြန်မာလူမျိုးတို့ရဲ့ သက်ဝင်ကိုးကွယ်ယုံကြည်ရာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ မြတ်ဗုဒ္ဓပွင့်တော်မူရာ အထွတ်မြတ်ဆုံးသော နယ်မြေဒေသဖြစ်တဲ့ ဗုဒ္ဓဂါယာ ယဉ်ကျေးမှုနယ်မြေကို မဟာသမယနယုန်လပြည့်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိတယ်ဆိုတဲ့ ထူးခြားတဲ့ကြည်နူးမှုခံစားချက်ကို မိမိတို့ ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးရဲ့ စိတ်ထဲမှာ ခံစားရပါတယ်။

စာမျက်နှာ ၇ သို့ »»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar တို့ မေ ၃၀ ရက်က ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**"နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တည်တံ့ခိုင်မြဲနေဖို့ လိုအပ်ပါတယ်။ ဒီလိုကောင်းမွန်နေဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ၊ ရင်းနှီးကျွမ်းဝင်မှုတွေရှိနေဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတွေအနေနဲ့ မိမိတို့ အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ရေးအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ အိမ်နီးချင်းနိုင်ငံအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေမှသာ နှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မှာဖြစ်"**

»»» စာမျက်နှာ ၆ မှ

ဂါယာမြို့ဟာ ယခင် မိမိရောက်ရှိခဲ့သည့် ၂၀၁၆ ခုနှစ်ကာလနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော် သမ္မတကြီးအနေဖြင့် ဂါယာမြို့သို့ ရောက်ရောက်ချင်း၌ပင် မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းသို့ သွားရောက်ကာ မဟာဗောဓိစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုပါတယ်။ ဒီလို သွားရောက်ဖူးမြော်တဲ့အချိန်မှာ မဟာဗောဓိကျောင်းဆရာတော်ကြီးက မဟာဗောဓိစေတီတော်မြတ်ကြီး ပြုပြင်ထိန်းသိမ်းလျက်ရှိမှု အခြေအနေတွေကို ရှင်းလင်းမိန့်ကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ မဟာဗောဓိစေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ သင်္ကန်းနှင့် မြသပိတ်ဆွမ်းတော်များ ကပ်လှူပူဇော်ကာ စေတီတော်ကြီး ဘက်စုံပြုပြင်ထိန်းသိမ်းမွမ်းမံရန်အတွက် အလှူငွေများကို ကျောင်းထိုင်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ဒ့ါအပြင် မဟာဗောဓိပင်၌လည်း ပန်း၊ ရေချမ်းများ ကပ်လှူသကဲ့သို့ မိမိတို့နိုင်ငံရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များတွင် အကြီးဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စကျင်ကျောက်ဖြင့် ပြုလုပ်ထားတဲ့ ရုပ်ပွားတော် တစ်ဆူကိုလည်း လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းဝင်းအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။

ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ဂါယာအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ အိန္ဒိယနိုင်ငံ၏ အစိုးရရုံးစိုက်ရာ ဒေလီမြို့သို့ အထူးလေယာဉ်နဲ့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ဒီလို ထွက်ခွာတဲ့အချိန်မှာလည်း ဂါယာသို့ ရောက်ရှိချိန်ကကဲ့သို့ပင် ဘီဟာပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူတွေနဲ့အတူ ဘီဟာပြည်နယ်မှ ဂုဏ်ပြုတပ်ဖွဲ့ကလည်း လေဆိပ်မှာ နိုင်ငံတော်သမ္မတကို ဂုဏ်ပြုပို့ဆောင် နှုတ်ဆက်ခဲ့ကြပြန်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာတဲ့ အထူးလေယာဉ်ကြီးဟာ နယူးဒေလီမြို့၊ Palam လေတပ်စခန်းကို ရောက်ရှိဆင်းသက်ချိန်မှာတော့ နယူးဒေလီမြို့ရဲ့ ရာသီဥတုဟာ သာယာကောင်းမွန်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကို လေဆိပ်မှာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ Palam လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူတွေ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့က ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာနဲ့ ကြိုဆိုနှုတ်ဆက်ခဲ့ကြတယ်။ အဲဒီလိုကြိုဆိုနှုတ်ဆက်ချိန်မှာ ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင်ခြံရံ၍ နိုင်ငံတော်သမ္မတကို ဂုဏ်ပြုကြိုဆိုခဲ့ကြတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ မိမိတို့နိုင်ငံ သမ္မတကြီးကို အခုလို ဂုဏ်ပြုတပ်ဖွဲ့တွေနဲ့ ကြိုဆိုနှုတ်ဆက်ခြင်းဟာ အိန္ဒိယနိုင်ငံအနေနဲ့ မိမိတို့ မြန်မာနိုင်ငံခေါင်းဆောင်အပေါ် လေးစားတန်ဖိုးထားမှုနဲ့ အလေးအနက်ထားမှုများကို ပြသခြင်းပင် ဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီးအား မေ ၃၀ ရက်က လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတကြီးဟာ နယူးဒေလီမြို့က ခေတ္တတည်းခိုမယ့် ဟိုတယ်ကို ရောက်ရှိချိန်မှာလည်း အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar နဲ့တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေတွေ၊ ယခုလာရောက်သည့် တရားဝင်ခရီးစဉ်ကနေပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မယ့် အခြေအနေတွေ၊ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပေါ် ထောက်ခံမှုအခြေအနေတွေ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မယ့် အခြေအနေတွေ၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေနဲ့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံဘက်ကနေ ရပ်တည်ဆောင်ရွက်လျက်ရှိမှု အခြေအနေတွေ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတွေနဲ့ အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဆောင်ရွက်သွားမယ့် အခြေအနေတွေနဲ့ပတ်သက်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလို နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးတို့ တွေ့ဆုံစဉ် ဆွေးနွေးမှုများကို ထောက်ရှုခြင်းအားဖြင့် အိန္ဒိယနိုင်ငံဟာ မိမိတို့ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးကို အလေးထား ဆောင်ရွက်နေတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုအိန္ဒိယနိုင်ငံကဲ့သို့သော အင်အားကြီးအိမ်နီးချင်းနိုင်ငံတစ်ခုနှင့် မိမိတို့ နိုင်ငံအနေနဲ့ အဘက်ဘက်က၊ ကဏ္ဍစုံက ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်သွားနိုင်မယ်ဆိုရင် မိမိတို့နိုင်ငံအနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ အကျိုးရလဒ်တွေ ရရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

မိမိတို့ ယနေ့သွားရောက်ခဲ့သည့် ခရီးစဉ်မှာ နေပြည်တော်မှ အိန္ဒိယနိုင်ငံ ဂါယာမြို့၊ ၎င်းမှတစ်ဆင့် နယူးဒေလီမြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် သွားရောက်ခဲ့ပြီး နံနက်ပိုင်းမှ ညနေပိုင်းအထိ ခရီးစဉ်အစီအစဉ်အတိုင်း အချိန်အကြားအလပ်မရှိ ဆက်တိုက် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ညနေပိုင်းမှာလည်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကို သွားရောက်ပြီး သံရုံး၊ စစ်သံရုံး မိသားစုများနဲ့ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ အမှာစကားပြောကြားခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီး ပြည်သူများက ရွေးချယ်တင်မြှောက်တဲ့ နိုင်ငံတော်အစိုးရသစ်က နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာဖြစ်စေဖို့နဲ့ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းလုပ်ဆောင်နေမှုတွေ၊ မြန်မာနိုင်ငံမှာ ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝစေရေးအတွက် နိုင်ငံတော်က ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှုတွေ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်ခိုင်မာစေဖို့ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသလို သံရုံး၊ စစ်သံရုံးများတွင် တာဝန်ထမ်းဆောင်နေသူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်မှုတွေ၊ ပြည်ပနိုင်ငံကို ရောက်ရှိနေချိန်မှာ တစ်ဦးချင်းရဲ့ အင်္ဂလိပ်စာအရည်အချင်းတွေ တိုးတက်လာစေရေးနဲ့ ကွန်ပျူတာနည်းပညာဆိုင်ရာများ ပိုမိုတတ်ကျွမ်းနားလည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်စေလိုမှုတွေကို မှာကြားခဲ့တဲ့အပြင် မိမိလက်အောက်ဝန်ထမ်းများနဲ့ မိသားစုဝင်တွေကို တစ်ဦးချင်း၏ ကျန်းမာရေးမှအစ ဂရုစိုက်နေထိုင်ကြဖို့နဲ့ စည်းစည်းလုံးလုံးနေထိုင်ကြရန် မှာကြားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးဟာ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ အိန္ဒိယနိုင်ငံမှာပညာတော်သင်နေကြတဲ့ သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာတွေနဲ့ ချီးမြှင့်ငွေတွေကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံကို အဖွဲ့ဝင်များအဖြစ် လိုက်ပါလာတဲ့ ပြည်ထောင်စုဝန်ကြီးတွေနဲ့ တာဝန်ရှိသူတွေဟာ သံရုံး၊ စစ်သံရုံး မိသားစုက တည်ခင်းဧည့်ခံတဲ့ ညစာကို မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## စာရေးဆရာအသင်းကိုယ်စားလှယ် ရွေးချယ်ပွဲ အခမ်းအနား ကျင်းပ

**ဇမ္ဗူသီရိ မေ ၃၁**

ဇမ္ဗူသီရိမြို့နယ်၌ စာရေးဆရာအသင်း ကိုယ်စားလှယ် ရွေးချယ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

ရွေးဦးစွာ သဘာပတိအဖြစ် စာရေးဆရာ ဦးကျော်ကျော်စိုး (ရွှေပြည်စိုး-မိုးကုတ်)က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းဌေးက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးမောင်မောင်တာ (ညွှန်ကြားရေးမှူး-ငြိမ်း)က တတိယအကြိမ် ဇမ္ဗူသီရိမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာငွေရှင်းတမ်းနှင့် အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ် စာရေးဆရာအသင်း ကိုယ်စားလှယ်များကို အသီးသီး ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀

## မြို့သစ်မြို့နယ်တွင် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူ (၂၂၀၈၂) ဦးရှိပြီဖြစ်

**မြို့သစ် မေ ၃၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံလက်ခံခြင်းကို မေ ၂၅ ရက်ကစတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ လက်ခံဆောင်ရွက်လျက်ရှိရာ လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူ ၂၂၀၈၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် အခြေခံပညာကျောင်း ၁၉၀ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်း၊ စုစုပေါင်း ၁၉၂ ကျောင်းရှိပြီး မေ ၂၅ ရက်မှ ၂၈ရက်အထိ အခြေခံပညာကျောင်း အသီးသီးတွင် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားကျောင်းသူ မူလတန်းအဆင့်တွင် ၁၃၆၂၅ ဦး၊ အလယ်တန်းအဆင့်တွင် ၆၈၄၉ ဦး၊ အထက်တန်းအဆင့်တွင် ၁၆၀၈ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၂၀၈၂ ဦး အပ်နှံပြီးစီးကြောင်းသိရပြီး မေ ၃၁ ရက်အထိ ကျောင်းအပ်နှံမှုများ လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ။

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုရှားနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်နှင့် (၁၄)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် မေ ၃၁






အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှိြုင်းဂူ (Sergei Shoigu) ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်နှင့် အဆိုပါကာလအတွင်း တစ်ဆက်တည်း ကျင်းပသည့် ဆဋ္ဌမအကြိမ် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၊ (၁၄)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေး ကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်ရန် မေ ၂၅ ရက်မှ ၃၁ ရက်အထိ မော်စကိုမြို့သို့ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ Live Arena စင်တာ၌ ကျင်းပပြုလုပ်သည့် ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။ ဖိုရမ်ကို "ကမ္ဘာ့လူဦးရေအများစုရှိသော နိုင်ငံများ၏ လုံခြုံရေး အာမခံချက်ရှိရန်အတွက် နယ်ချဲ့စနစ်သစ်ကို တန်ပြန်ခြင်းအား ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ခြင်း (Countering Neocolonialism as a Priority for Ensuring Security of the Global Majority Countries)" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ ချယ်ရ်နီရှန်ကာ (Dmitry Chernshenko) က အဖွင့်အမှာစကားပြောကြားကာ ရုရှားနိုင်ငံလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗီနီဒစ်တော့ဗ် (Alexander Venediktov) နှင့်အတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မော်စကိုတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ပါမောက္ခချုပ်၊ ဖက်ဒရေးရှင်းကောင်စီ ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားကြသည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် မေ ၂၇ ရက်တွင် ဆဋ္ဌမအကြိမ် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှိြုင်းဂူတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်မိန့်ခွန်းနှင့် နိဂုံးချုပ်မိန့်ခွန်းများ ပြောကြားခဲ့ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအခြေအနေ တိုးတက်ပြောင်းလဲမှုများ၊ မဟာဗျူဟာမြောက် တည်ငြိမ်ရေး၊ လက်နက်ထိန်းချုပ်ရေးနှင့် နျူကလီးယားလက်နက်မပြန့်ပွားရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှိြုင်းဂူက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၈ ရက်တွင် "ဝင်ရိုးစုံကမ္ဘာပေါ်ထွန်းလာမှုနှင့် ဆက်နွှယ်နေသော နိုင်ငံတကာလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ(Challenges and Threats to International Security in the Context of the Emergence of the Multipolar World)" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင်ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင် (Valdimir Putin) က Video Message ဖြင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှိြုင်းဂူက သဘာပတိအဖြစ်လည်းကောင်း အဖွင့်အမှာစကားများ ပြောကြားခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် "ပူးတွဲသတင်းအချက်အလက်လုံခြုံရေးစင်တာ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" နှင့် "မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက် လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ် ၂၀၂၆-၂၀၂၉" တို့ကို အမျိုးသား ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့၏ ရှေ့မှောက်၌ နှစ်ဖက် တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၇ ရက်မှ ၂၉ ရက်အတွင်း ရုရှားသမ္မတ၏ လက်ထောက်နှင့် ရေကြောင်း ကော်မတီဥက္ကဋ္ဌ မစ္စတာ နီကိုလိုင် ပတ်ထရူးရှဗ် (Nikolai Patrushev)၊ ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာဆာဂေးရှိြုင်းဂူ၊ဘယ်လာရုစ်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗိုလ်ဖိုဗစ်ချ် (Alexander Volfovich)၊ ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင်းဘန်ချူရဒ် (Chatchai Bangchuad)၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး မစ္စတာ ချန်းဝန်ကျင်း (Chen Wenqing)၊ အိန္ဒိယနိုင်ငံ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ်ဒိုဗယ် (Ajit Doval) တို့နှင့်တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် အပြန်အလှန်မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာ မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဖိုရမ်ကာလအတွင်း ကျင်းပပြုလုပ်သည့် စကားဝိုင်းဆွေးနွေးပွဲ (Roundtable talks) အစီအစဉ်များတွင်လည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ခင်းကျင်းပြသထားသည့် စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာ ပစ္စည်းထုတ်ကုန်ပြခန်းများ၊ ဆေးဘက်ဆိုင်ရာပြခန်းများ၊ ခေတ်မီနည်းပညာပြခန်းများအား ကြည့်ရှုလေ့လာခြင်း၊ ရုရှား ဇဗျဲဘဏ် (Sber Bank) သို့ သွားရောက်လေ့လာ၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း၊ မော်စကိုမြို့ရှိ Shooting Range of the Kalashnikov Concern၊ ရုရှားနိုင်ငံ Rostec အဆင့်မြင့်နည်းပညာကုမ္ပဏီ၊ ကင်ဆာရောဂါဆိုင်ရာ ကုသမှုများ ဆောင်ရွက်သည့် National Medical Research Radiological Center တို့သို့ သွားရောက် လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း မော်စကိုဒေသရှိ Patriot Park ပန်းခြံတွင် ဒုတိယကမ္ဘာစစ် အတွင်းက တိုက်ပွဲဝင်ခဲ့ကြသည့် "မြန်မာ့စစ်သည်တော် မဟာမိတ်များ" အမည်ရှိ အထိမ်းအမှတ်ရုပ်တု၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပန်းခွေချ ဂုဏ်ပြုခဲ့သည်။

ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်နှင့် (၁၄) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေး ကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၅ နိုင်ငံမှ ကိုယ်စားလှယ် ၅၀၀၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြပြီး ရုရှားနိုင်ငံမှ စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာပစ္စည်း ထုတ်ကုန်များကို ပြခန်းပေါင်း ၂၂ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး မေ ၃၁

ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် တီးတိန်မြို့ မြို့မရပ်ကွက်ရှိ ထွမ်းဝုမ်းရိပ်သာ၌ ကျင်းပရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တီးတိန်နှင့် တွန်းဇံမြို့များမှ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအတွက် ဆန်ရိက္ခာ ပေးပို့ဖြည့်တင်းနိုင်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာဒေသများသို့ အချိန်မီပေးပို့နိုင်ရေး၊ လုပ်ငန်းခွင်သုံးယာဉ်ယန္တရားများ၊ စက်သုံးဆီများ ဖြည့်တင်းနိုင်ရေးနှင့် မြို့နယ် သုံးမြို့နယ်၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအတွက် APTERR အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ရှစ်တန်သည် မေ ၃၁ ရက်တွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်များသို့ အမြန်ဆုံး ပို့ဆောင်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သီလဝါဆိပ်ကမ်းဒေသ အကွက်အမှတ်(၂၉)ရှိ ခေတ်မီသိုလှောင်ရုံအမှတ်(၁) လုပ်ငန်းစတင်ခြင်း အခမ်းအနားတက်ရောက်

ရန်ကုန် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီး ဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (MAGDPL)၏ ခေတ်မီသိုလှောင်ရုံ အမှတ်(၁) လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သီလဝါဆိပ်ကမ်းဒေသရှိ အကွက်အမှတ်(၂၉)၌ကျင်းပသည်။






အခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ ညီနောင်အသင်းများနှင့် သီလဝါရှိ ဆိပ်ကမ်းတံတားများမှ တာဝန်ရှိ သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် ဦးဆောင် ညွှန်ကြားရေးမှူးနှင့် MAGDPL ကုမ္ပဏီဥက္ကဋ္ဌတို့က အခမ်းအနား ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက အထိမ်း အမှတ်ကမ္ပည်းမော်ကွန်းကြေးပြား ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး သည်။

ယင်းနောက် ခေတ်မီသိုလှောင် ရုံအတွင်းရှိခန်းမတွင် ဖွင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ကုန်သွယ်မှုကိုမြှင့်တင်ပေးနိုင်မည့် Transit Tradeနှင့် Transship-mentလုပ်ငန်းများဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် သီလဝါဒေသ ဆိပ်ကမ်းများသည် အဓိက အားကိုးရာနေရာများဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် လီမိတက်(MAGDPL) အနေဖြင့် သီလဝါဆိပ်ကမ်းဒေသ တွင် နိုင်ငံတကာ ကုန်သွယ်မှု အတွက် လိုအပ်သောအခြေခံ အဆောက်အအုံဖြစ်သည့် ခေတ်မီ သိုလှောင်ရုံကြီးကို အောင်မြင်စွာ တည်ဆောက် လည်ပတ်လုပ်ကိုင် နိုင်ပြီဖြစ်သည့်အတွက် ကျန်ရှိ သည့်သိုလှောင်ရုံသုံးလုံးကိုလည်း အဆင့်လိုက် ရင်းနှီးမြှုပ်နှံတည် ဆောက်သွားရန်နှင့် သီလဝါ ဆိပ်ကမ်းဒေသရှိတည်ဆောက်ဆဲ နှင့် တည်ဆောက်ရန်ကျန်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ခေတ်မီသိုလှောင်ရုံ တည်ဆောက်ခြင်းနှင့် သက်ဆိုင် သည့် အချက်အလက်များကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင် ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြပြီး သိုလှောင်ရုံ တည်ဆောက်မှုဆိုင်ရာ မှတ်တမ်း Video Clip ကို ရှင်းလင်းတင်ပြ ကြကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ခေတ်မီသိုလှောင်ရုံ အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာ ပိုင်နှင့် အသင်းအဖွဲ့အသီးသီးမှ ပြသထားသည့် ပြခန်းများ၊ ပြည်ပ သို့တင်ပို့မည့် ပြောင်းစေ့များ စုပုံ သိုလှောင်ထားမှုနှင့် ဆက်လက် တည်ဆောက်မည့် သိုလှောင်ရုံ နေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ဒေါပုံရုံးခွဲ)သို့ ရောက်ရှိကြပြီး Computer Based Examination (CBE) Centre ကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ ပြည်ထောင်စု ဝန်ကြီးက CBE စနစ်ကို သတ်မှတ် ထားသည့် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ သင်္ဘောသားများ အနေဖြင့် ပင်လယ်ပြင်တွင် အန္တရာယ် ကင်းရှင်းရေးအတွက် ဆုံးဖြတ်ချက်မှန်ကန်စွာ ချမှတ် နိုင်ခြင်းသည် အရေးကြီးသဖြင့် Decision – making ဆိုင်ရာ မေးခွန်းများ ထည့်သွင်းနိုင်ရေး၊ စံပြအဖြေများကို သင်ရိုးညွှန်းတမ်း များတွင် ထည့်သွင်းနိုင်ရေးနှင့် နောင်စာမေးပွဲများတွင် မေးမြန်း နိုင်ရေး၊ မေးခွန်းများကို ခေတ်နှင့် အညီ ပြင်ဆင်မွမ်းမံရေး အထူး အလေးထား ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆောင်ရွက်ရန် ဘယ်လာရုစ်နိုင်ငံသို့သွားရောက်

ရန်ကုန် မေ ၃၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ် ကြီး ဗစ်တာ ဂနေဒီယာဗိချ် ခရမ်နင် (Lt General Viktar Ganediavich Khrenin) ၏ နှစ်နိုင်ငံ ကာကွယ် ရေးဝန်ကြီးဌာနများအကြား စစ်ဘက်ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ်များ ဆောင်ရွက်ရန် ဖိတ်ကြား ချက်အရ မေ ၂၅ ရက်မှ ၃၀ ရက်အထိ ဘယ်လာရုစ် နိုင်ငံ မင့်စ်မြို့သို့ သွားရောက်ခဲ့သည်။



ခရီးစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ ကာကွယ်ရေး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဗစ်တာခရမ်နင်က အရာရှိများ ဗဟိုရိပ်သာ (Central House of Officers of the Armed Forces of the Republic of Belarus) ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ပြီး နှစ်နိုင်ငံ ကာကွယ် ရေးဝန်ကြီးများ တွေ့ဆုံ၍ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများ သည် Victory Square Obelisk Monument သို့ သွားရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုကြပြီး ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံရှိ စစ်ဘက် နည်းပညာဆိုင်ရာစက်ရုံ၊ အလုပ်ရုံများနှင့် အထည် အလိပ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် ဘယ်လာရုစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်း အာဏာပိုင်အဖွဲ့ရုံး၌ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဒီမိထရီ ပန်တုစ် (Mr. Dimitry Pantus) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် မြန်မာသံရုံး (မင့်စ်မြို့) သို့ သွားရောက်ပြီး သံရုံး ဝန်ထမ်း မိသားစုဝင်များနှင့် သင်တန်းသားများအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း လူငယ်တွေ့ဆုံပွဲ တက်ရောက်

မော်လမြိုင် မေ ၃၁

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မောင်သင်းသည် ယနေ့နံနက်ပိုင်း တွင် မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံ ခန်းမ၌ ကျင်းပသည့် လူငယ်တွေ့ဆုံပွဲသို့တက်ရောက် ၍ အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် လူငယ်ကိုယ်စားလှယ် များ ကိုယ်စား ဒေါက်တာ အောင်မြတ်သူက ယာယီ ဖွင့်လှစ်ပေးထားသော မွန်ပြည်နယ်လူငယ်စင်တာ အဆောက်အအုံတွင် ဗလငါးတန် ဖွံ့ဖြိုးတိုးတက် စေရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြ သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မော်လမြိုင် တက္ကသိုလ်အတွက် ငွေကျပ် ၁၅၁၅၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လူငယ် စင်တာ အဆောက်အအုံတည်ဆောက်မည့် လျာထား မြေနေရာ၊ မွန်ပြည်နယ် လူငယ်စင်တာ ယာယီ ဖွင့်လှစ်မည့် ကျောင်းသား အားကစားကွင်းရှိ သုံးထပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြုကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဒုတိယအကြိမ် မြစ်ကြီးနားမြို့သို့ ရောက်ရှိ



ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြု ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မန္တလေးမြို့မှ ထွက်ခွာစဉ်။



မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူပြု ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုစဉ်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူပြု ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ရောက်ရှိစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည့် ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၃၁

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသတွင်း လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် မြို့၊ ရွာများ၌ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation) များကို ဆောင်ရွက်ကာ ပြည်သူလူထုအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခုဖြစ်သော မန္တလေး - မတ္တရာ - သပိတ်ကျင်း - တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး - နန့်စီးအောင် - မိုးညှင်း - မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို မန္တလေးမြို့မှ တစ်ဆင့် မြစ်ကြီးနားမြို့သို့ ပထမအကြိမ်အဖြစ် မေလ ၁၂ ရက်တွင် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါလမ်းကြောင်း တစ်လျှောက်ရှိ မြို့၊ ရွာများ၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့် ၎င်းတို့၏နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များနှင့် မီးသတ်ကားများသည် ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့မှမေ ၂၂ ရက်တွင်စတင်ထွက်ခွာခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်များ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

## ကြည့်ရှု

ဆက်လက်၍ အဆိုပါမော်တော်ယာဉ်များပေါ်တွင် ပါရှိလာသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များအား သက်ဆိုင်ရာ အခြေခံပညာကျောင်းများသို့ လည်းကောင်း၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအား မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ မီးသတ်ကားများအား ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနသို့ လည်းကောင်း ပို့ဆောင်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ




ရန်ကုန် မေ ၃၁

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ (ASEAN U19 Boys' Bank Sumut Championship 2026) အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ(Pre-match Press Conference) ကို ယနေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ မြန်မာယူ-၁၉ အသင်း နည်းပြချုပ် Mr. Ryuji Sueoka အပြင် အုပ်စုတွင်း ပြိုင်ဘက်အသင်း များဖြစ်သည့် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် တီမောအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့ကြသည်။

မြန်မာ ယူ-၁၉ အသင်း နည်းပြချုပ် Mr. Ryuji Sueoka က "အခုလို ဒီကို ရောက်ရှိလာရတဲ့အတွက် အလွန်ပဲ ဝမ်းမြောက်မိပါတယ်။ အထူးသဖြင့် အိမ်ရှင် အင်ဒိုနီးရှားအသင်းနဲ့ ပွဲဦးထွက် ကစားရမှာဖြစ်လို့ ပရိသတ်တွေအများကြီး လာရောက်အားပေးကြမှာပါ။ အဲဒီအတွက် ကျွန်တော်တကယ့်ကို ရင်ခုန်စိတ်လှုပ်ရှားနေပြီး ဒီအခွင့်အရေးကို မျှော်လင့်စောင့်စားနေပါတယ်။" ဟု ပြောသည်။

မြန်မာ ယူ-၁၉ အသင်း အနေဖြင့် ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇွန် ၁ ရက်၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် စတင်ရင်ဆိုင်ကစားရမည်ဖြစ်သည်။

ဒုတိယအုပ်စုပွဲစဉ်အဖြစ် ဇွန် ၄ ရက်၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် လည်းကောင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၇ ရက်၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တီမောအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစား သွားရမည်ဖြစ်သည်။

(NGB)

■ စာမျက်နှာ ၂၄ မှ

G-25 Lean လောင်းခြင်း၊ Precast U Drain များ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရွှေတချောင်းဘေး(အတွင်းလမ်း) ၈ လမ်းနှင့် ၁၂ လမ်းကြား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မေ ၂ ရက်က စတင်ဆောင်ရွက်ရာ ဘေးချဲ့ကျောက်ပျက်ဖြည့်၍ အခြေခံလွှာပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ် ၅၃ လမ်း၊ ၂၆လမ်းနှင့် ၂၈ လမ်းကြားတွင်(Precast U Drain နှင့် Precast Box Culvert)တည်ဆောက်ခြင်းလုပ်များကို မေ ၅ ရက်တွင် စတင်ဆောင်ရွက်ရာ (Precast Box Culvert)တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ဌာနမှူး ဦးစိုးနှင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# နိုင်ငံတကာ အားကစား သတင်းများ

## အော်တာမန်ဒီကို ရေဗားပလိတ်အသင်း ခေါ်ယူ

**လန်ဒန် မေ ၃၁**

အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်းသည် ဘင်ဖီကာအသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့်နောက်ခံကစားသမား အော်တာမန်ဒီကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။ (အောက်ပုံ)

အဆိုပါ နောက်ခံကစားသမားသည် ရေဗားပလိတ်အသင်း



နှင့်အတူ ၁၈ လစာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား အော်တာမန်ဒီသည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၁ ပွဲကစားကာ ၁၈ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရေဗားပလိတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ အော်တာမန်ဒီက "ကျွန်တော် ရေဗားပလိတ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)



## တန်ဖိုးအမြင့်ဆုံးကလပ်စာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံးတွင် ရပ်တည်

**မက်ဒရစ် မေ ၃၁**

အမေရိကန်စီးပွားရေးမဂ္ဂဇင်း Forbes က ထုတ်ပြန်သည့် တန်ဖိုးအမြင့်ဆုံးကလပ်စာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

Forbes က ထုတ်ပြန်သည့် တန်ဖိုးအမြင့်ဆုံးကလပ်စာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် ဘာစီလိုနာ၊ မန်ယူ၊ လီဗာပူး၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ အာဆင်နယ်၊ ချဲလ်ဆီး၊ စပါးအသင်းတို့ အသီးသီး ရပ်တည်လျက်ရှိသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် Forbes က ထုတ်ပြန်သည့် တန်ဖိုးအမြင့်ဆုံးကလပ်စာရင်းနေရာတွင် ငါးနှစ်ဆက်တိုက် ရပ်တည်လာနိုင်သည့် မှတ်တမ်းတစ်ရပ်လည်း ပိုင်ဆိုင်ခဲ့သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါဘောလုံးပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၂)နေရာ၌ ရပ်တည်ခဲ့သည်။

(အပေါ်ပုံ) (NGB)

## ဂျူအန်မီရန်ဒါ ဘိုလော့ဂ်နာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် မေ ၃၁**


ဘိုလော့ဂ်နာအသင်းသည် အသင်းနောက်ခံကစားသမား ဂျူအန်မီရန်ဒါကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)



အဆိုပါ နောက်ခံကစားသမားသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ ပွဲကစားကာ တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော်ရဲ့ အိမ်ပါပဲ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ (NGB)

## လာမာရီဘိုဂါဒီ အသင်းတွင် ဆက်ရှိသွားမည်ဟု အက်စတွန်ဗီလာအသင်းအတည်ပြု



**လန်ဒန် မေ ၃၁**

ကွင်းလယ်ကစားသမား လာမာရီဘိုဂါဒီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အက်စတွန်ဗီလာအသင်းက အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ (ဝဲပုံ)

ကွင်းလယ်ကစားသမား လာမာရီဘိုဂါဒီသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်း၏ ထုတ်ပြန်ချက်တွင် "လာမာရီဘိုဂါဒီအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်ထားသည်။(NGB)

## ဂျူနီယာခရူးပီကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် မေ ၃၁**

ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဘုန်းမောက်အသင်းတိုက်စစ်မှူး ဂျူနီယာခရူးပီကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၅ ပွဲ ကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်း တို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း




ဂျူနီယာခရူးပီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘုန်းမောက်အသင်းထံမှ ဂျူနီယာခရူးပီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဘောလုံး သတင်း အတိုအထွာများ


* လိဒ်စ်အသင်းသည် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမား တန်နာတက်စ်မန်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဂျေဇူး၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၂၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။ (NGB)

## အန်ဒိုနီအီရာအိုလာ ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် မေ ၃၁**

လီဗာပူးအသင်းသည် နည်းပြ အာနီဆလော့ကို ရာထူးမှ ထုတ်



ပယ်ပြီးနောက် နည်းပြသစ်အဖြစ် နည်းပြ အန်ဒိုနီအီရာအိုလာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဗယ်လက်ကာနို၊ ဘုန်းမောက် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လီဗာပူးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အန်ဒိုနီအီရာအိုလာကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ အန်ဒိုနီအီရာအိုလာကို လီဗာပူးအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## မာပီလီယွန် ဘာစီလိုနာအမျိုးသမီးအသင်းမှ ထွက်ခွာမည်

**ဘာစီလိုနာ မေ ၃၁**

ဘာစီလိုနာအမျိုးသမီးအသင်း ဝါရင့်နောက်ခံကစားသမား မာပီလီယွန် ယခုနှစ် နွေရာသီ ဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား မာပီလီယွန်သည် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၃၁၄ပွဲကစားကာ ၂၂ ဂိုးသွင်းယူပြီး ဆုဖလားပေါင်းများစွာလည်း ရယူနိုင်ခဲ့သည်။

ထို့ကြောင့် မာပီလီယွန်အနေဖြင့် ဘာစီလိုနာအမျိုးသမီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## နိုင်ငံတကာခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁-၆-၂၀၂၆ ည ၁၀:၃၀ နာရီ | ဆလိုဗက်ကီးယား - မော်လ်တာ |
| ။ | ဘူလ်ဂေးရီးယား - မွန်တီနီဂရိုး |
| ၁-၆-၂၀၂၆ ည ၁၁:၃၀ နာရီ | နော်ဝေ - ဆွီဒင် |
| ၂-၆-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ဩစတြီးယား - တူနီးရှား |

## 2026 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Iga Swiatek တက်ရောက်

**ပါရီ မေ ၃၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Magda Linette အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek



နှင့် ယူကရိန်းတင်းနစ်မယ် Marta Kostyuk တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအောင်မြေမြို့နယ် ဟေမမာလာ(တောင်)ရပ်ကွက်၊ လက်သစ်လေ့တန်းရပ်တွင် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး မေ ၃၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ(တောင်) ရပ်ကွက်၊ လက်သစ်လေ့တန်းရပ်၊ ၇၉ လမ်း(A)လမ်း၊ လမ်း ၄၀နှင့် ၄၁ လမ်းကြားတွင် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့အစည်းများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ကွန်ကရစ်လမ်းအား ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ချမ်းမြရွှေပြည် ယာဉ်ယာဉ်ရပ်နားစခန်း သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး မေ ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန လက်အောက်ရှိ ချမ်းမြရွှေပြည်ယာဉ်ယာဉ်ရပ်နားစခန်း သန့်ရှင်း သာယာလှပရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့အဆင်ပြေစွာ သွားလာနိုင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကွင်းအုပ်ချုပ်ရေးမှူး နှင့်တွေ့ဆုံမေးမြန်းခဲ့သည်။

ချမ်းမြရွှေပြည်ယာဉ်ယာဉ်ရပ်နားစခန်းသည် မူလကွင်း ဟောင်းမှ(၃၁-၁၂-၂၀၂၁)ရက်တွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်တွင် တည်ရှိ၍ (၁၁)ဧက ကျယ်ဝန်းကာ ဂိတ်ခန်း ၂၇၆ ဂိတ်၊ ဈေးဆိုင်ခန်း ၁၃၄ ခန်း၊ ယာဉ်အသင်းပေါင်း ၁၆၂ သင်းရှိပြီး မိုင်(၅၀)နှင့်အထက် ခရီးစဉ်များကို ပြေးဆွဲလျက်ရှိသည့် ကွင်းစခန်းဖြစ်ပါသည်ဟု ကွင်းအုပ်ချုပ် ရေးမှူး ဌာနစုမှူးဦးဝင်းထွန်းအောင်က ပြောကြားသည်။

သန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်ကွင်းအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး အတွက် မြောင်းအတွင်း မြောင်းစာအမှိုက်များဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင် ရေးအတွက် နားနေဆောင်နှစ်ဆောင်၊ ဈေးဆိုင်စားသောက်ဆိုင်ခန်းများ၊ ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်(ထိုးမုန့်ဆိုင်၊ လက်ဖက်နှင့် အကြော်စုံဆိုင်၊ စားသောက်ဆိုင်)များ၊ ရောင်းချသည့် အစားအသောက်များနှင့်ပတ်သက်၍ FDA အဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်း၊ အများသုံးသန့်စင်ခန်းငါးခုရှိပြီး တစ်ခုစီတွင် အမျိုးသား ငါးခန်း၊ အမျိုးသမီးငါးခန်းနှင့် ရေချိုးခန်းများ ထားရှိခြင်း၊ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးအသုံးပြုဂိတ်ခန်း၊ ဈေး ဆိုင်ခန်းများအား Safe Guard များ တပ်ဆင်အသုံးပြုမှုနှင့် မီးသတ် ဆေးဘူးများ ထားရှိမှုများကို အသိပေးခြင်း၊ စစ်ဆေးခြင်းများကို တာဝန်ကျဝန်ထမ်းများ၊ စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များနှင့် ကွင်း သာယာလှပရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ပူးပေါင်း၍ လုံခြုံရေးမီးဘေးအန္တရာယ်သတိပေးနိုးဆော်မှုများကို ညစဉ်လှည့်ကင်း ဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ဆိုက် ရောက်၊ ထွက်ခွာချိန်များတွင် ခရီးသည်များ စိတ်အနှောင့်အယှက် မဖြစ်စေရန် ဧည့်ကြို Taxi များကို စနစ်တကျနေရာချထားခြင်း၊ ခရီးသည်ကြိုပို့ဆောင်ရွက်ခြင်းများကို နေ့စဉ်နံနက်စောစတင်ထွက်ခွာ ချိန် ၇ နာရီနှင့် နောက်ဆုံးထွက်ခွာသည့် ယာဉ် ၈ နာရီခွဲအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ သွားလာမှု လွယ်ကူစေရေး၊ ကွင်း အတွင်း၊ အပြင်ပတ်လမ်းများကို တာဝန်ကျဝန်ထမ်းများ၊ စည်ပင် သာယာရဲတပ်ဖွဲ့ဝင်များနှင့်ကွင်းသာယာစည်းကမ်းထိန်းသိမ်းခြင်း များဖြင့် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း အုပ်ချုပ်ရေးမှူးက ထပ်လောင်းပြောကြားသည်။



ကားကွင်းအတွင်း၌ ခရီးသည်တင်ယာဉ် ၁၀ စီး တစ်ချိန် တည်း၊ တစ်ပြိုင်တည်းဆိုက်ရောက်နိုင်သည့်နေရာ၊ ယာဉ်စီးရေ ၄၂ စီး တစ်ချိန်တည်းထွက်ခွာနိုင်သည့် နေရာနှင့်ယာဉ်စီးရေ ၁၅၀ စီး ရပ်နားနိုင်ရန် စီမံဖွဲ့စည်းထားပြီး ဝန်ထမ်းဦးရေ ၃၄ ဦး၊ စည်ပင်သာ ယာရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်-၃)**



## ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မြစ်သား မေ ၃၁**

သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေး တိုင်းဒေသကြီး၊ ကျောက်ဆည် ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ကင်းစိန်ဈေး(ရှေ့) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်း ကြည့်ရှုစစ်ဆေး ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး မှူး ဒေါ်တင်တင်မာနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကင်းစိန် ဈေး(ရှေ့)ကျေးရွာ၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ၅၀ရာခိုင် နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် များနှင့် တွေ့ဆုံကာလုပ်ငန်းများ အချိန်မီဆောင်ရွက် ပြီးစီးရေး လိုအပ်သည်များကို မြို့နယ် ဦးစီးမှူးက ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့သည်။

အဆိုပါ ကင်းစိန်ဈေး(ရှေ့) ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၄၀ အား လမ်း အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ဘဏ္ဍာ နှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေး ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၈သန်း၊ စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၏ နည်းပညာပံ့ပိုးမှု၊ အနီး ကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာ သူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ မေ ၂၈ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာ ခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရ သည်။

**(အပေါ်ပုံ) (၄၄၅)**

ရေစီးရေလာကောင်းဖို့ရာ ရေနုတ်မြောင်းမှာ အမှိုက်ပစ်တာဆင်ခြင်ပါ။

## ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ စဉ့်ကိုင်မြို့နယ်သို့ (အခမဲ့) နယ်လှည့်ကွင်းဆင်းကုသ

**စဉ့်ကိုင် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ပြည်သူ့ဆေးရုံကြီးမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်ဇင်သန်းဝေ ဦးဆောင်သော အထူးကုဆရာဝန်ကြီး ၁၀ ဦးနှင့် အဖွဲ့သည် စဉ့်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင် ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်းကာ ရက် (၁၀၀) စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ယမန်နေ့ နံနက် ၈ နာရီက စတင်၍ ဒေါင်းကျေးလက်ကျန်းမာရေးဌာနကို အခြေပြု၍ ဒေသအတွင်းရှိ ရပ်ရွာ၊ ရှင်လူ၊ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် (အခမဲ့) နယ်လှည့်ကွင်းဆင်း ကျန်းမာရေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါအထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး၊ အရိုးနှင့်အကြောအထူးကုဆရာဝန်ကြီး၊ သွားနှင့် ခံတွင်းရောဂါအထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီးများက အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၂၆၈ ဦး၊ စုစုပေါင်း ၃၆၀ ဦးအား သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။

နယ်လှည့်ကွင်းဆင်းဆောင်ရွက် ကုသပေးနေမှု စဉ့်ကိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ စဉ့်ကိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့်အဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ့်ကိုင်)





## ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**မိုင်းဖြတ် မေ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းက အဖွင့်အမှာ စကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကောမတီ ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းရီတစ်၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခစ်ခွဲ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များဖြစ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း ၁၈ ခုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း ၅၁ခုတို့က တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ခင်ဆွေက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

**စဉ့်ကူး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်၊ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အမှတ်(၂)ရပ်ကွက်ရှိ အ.ထ.က (စဉ့်ကူး) ရွှေရတုခန်းမ၌ ယနေ့ နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းက ကျောင်းအပ်နှံရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ရှင်းသန့်လွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းထွန်းနိုင်တို့က နိုင်ငံတော်မှ အခမဲ့ပေးအပ်သော ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောလ်ပင်များကို ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်ခဲ့သည်။

(အောက်ပုံ)

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မို့မို့အောင်နှင့် အဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့၊ရပ်မိရပ်ဖများ၊ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စာလွင်(ပြန်/ဆက်)



## ဈေးအတွင်း၊ အပြင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**မူဆယ် မေ ၃၁**

မေ ၃၀ ရက်နေ့ (နယုန်လပြည့်နေ့)တွင် မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် အမှတ်(၁) ဈေးအတွင်း၊ အပြင်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်သရိုက်များ မရှိစေရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းအား မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွဋ် (အင်ဂျင်နီယာမှူး)တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန ဒုတိယဦးစီးမှူး (ဈေး)နှင့် အမှတ်(၁)ဈေးတာဝန်ခံတို့၏ ဦးဆောင်မှုဖြင့် ဈေးဌာနစိတ်မှ ဝန်ထမ်းအင်အား ၃၀ ဦးဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)



## တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ပင်းတယ မေ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊တောင်ပေါ်ကြီးကျေးရွာအုပ်စု၊ ထင်ရှူးကုန်းဘုန်းတော်ကြီးကျောင်းတွင် မေ ၂၉ ရက်က ပင်းတယမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် တောင်ပေါ်ကြီးကျေးရွာအုပ်စုအတွင်းရှိ တောင်သူများလက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားရာ ပင်းတယမြို့နယ်အတွင်း တောင်ပေါ်ဒေသများနှင့် ကျေးရွာများတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ကို ဆက်လက်ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီမံချက်ရေးဆွဲပြီး တောင်သူလယ်သမားများဘဝ လယ်ယာမြေဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့ အတွက် ပုံစံ(၇)များ ဒေသအလိုက် ဆက်လက်ထုတ်ပေးနိုင်ရန် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်နှင့် ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပင်းတယမြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက လယ်ယာမြေဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကိုပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြကာ တောင်သူများ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ပုံစံ(၇)ပေးအပ်ပွဲတွင် တောင်ပေါ်ကြီးကျေးရွာအုပ်စုအတွင်းရှိ ဦးပိုင်ပေါင်း(၁၅၄)၊ တောင်သူပေါင်း ၁၂၉ ဦး၊ ကွင်းပေါင်း(၁)၊ ဧရိယာပေါင်း(၂၁၃)ဧကအား တောင်သူလယ်သမားအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇) ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (၃၃၈)



# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ စနစ်တကျ အမှိုက်စွန့်ပစ်ကြပါစို့

၂၀၂၆ခုနှစ်၊ ဇွန် ၅ ရက်သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "Global Call For Climate Action" ဟူ၍ဖြစ်ရာ 'ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့'ဟူ၍ မြန်မာလို ဖော်ပြနိုင်ပါသည်။

မကြာသေးမီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆရာမတစ်ဦးက 'ဆရာရေ… အမှိုက်မီးရှို့တာနဲ့ ပတ်သက်တဲ့ ဆောင်းပါးမျိုး ရေးထားတာရှိလား'ဟု မေးလာသည်။ ကျွန်တော်မှ မရေးသားဖူးသေးကြောင်းနှင့် သူမအား ဖတ်ရှုနိုင်ရန် Google မှ အချက်အလက်များကို ရှာဖွေ၍ ပေးပို့လိုက်သည်။ တစ်ဖက်တွင်လည်း ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် 'ပြည်သူတွေ ဖတ်နိုင်အောင် ဆောင်းပါးတစ်ပုဒ် ရေးဦးမှပါ'ဟု တွေးလိုက်မိသည်။ ထို့ကြောင့်လည်း ယခုဆောင်းပါးအား စုစည်းရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

နွေဦးကာလဝင်လာပါက သစ်ရွက်ကြွေများလည်း များပြားလာခြင်းနှင့်အတူ ရပ်ကွက်များ၌ အမှိုက်မီးရှို့သည့် အလေ့အထများ ရှိလာတတ်ပါသည်။ အထူးသဖြင့် ခြင်ပေါက်များခြင်းကို နှိမ်နင်းရန်နှင့် တံမြက်စည်းလှည်း၍ မနိုင်အောင်ပင် များပြားလှသည့် သစ်ရွက်ခြောက်များကို ရှင်းလင်းရန်အတွက် မီးရှို့သည့်နည်းလမ်းကို အလွယ်တကူ ရွေးချယ်လုပ်ဆောင်တတ်ကြခြင်းလည်း ဖြစ်ပါသည်။

သို့သော် ထိုသို့ လမ်းထဲ၊ ရပ်ကွက်ထဲတွင် မဆင်မခြင်မီးရှို့လိုက်သည့် မီးခိုးငွေ့များကြောင့် အဆိုပါတစ်ရပ်ကွက်လုံး ရင်ကျပ်ပြီး အိပ်မရသည့် ဝေဒနာများကို ခံစားကြရလေ့ရှိပါသည်။ ဤလုပ်ရပ်သည် မိမိအတွက် အဆင်ပြေသော်လည်း အသက်ရှူလမ်းကြောင်းအားနည်းသည့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်စေနိုင်ပြီး မီးဘေးအန္တရာယ်ကိုလည်း ဖိတ်ခေါ်နေသကဲ့သို့ ရှိပါသည်။

ထို့ကြောင့်ပင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေတွင် အမှိုက်မီးရှို့ခြင်းကို အတိအကျ တားမြစ်ထားပါသည်။ အခြားသော စည်ပင်သာယာရေးဥပဒေများတွင်လည်း အလားတူ တားမြစ်မှုများရှိပါသည်။ အကယ်၍ မဆင်မခြင် မီးရှို့မှုကြောင့် ပတ်ဝန်းကျင်မှ တိုင်ကြားမည်ဆိုပါက သက်ဆိုင်ရာတရားရုံးများမှ ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ်၊ ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်းလည်း ဖော်ပြပါရှိပါသည်။

ထို့ကြောင့် ခြင်ပေါများခြင်းနှင့် သစ်ရွက်ခြောက်ပြဿနာများကို ဖြေရှင်းရန်အတွက် မီးရှို့မည့်အစား စည်ပင်အမှိုက်ကားဖြင့် စနစ်တကျ စွန့်ပစ်ခြင်း (သို့မဟုတ်) သစ်ရွက်ခြောက်များကို မြေဆွေးပြုလုပ်ခြင်းဖြင့် မိမိတို့၏ ပတ်ဝန်းကျင်ကို အန္တရာယ်ကင်းအောင် ပြုလုပ်နိုင်ပါသည်။ အချင်းချင်း ကိုယ်ချင်းစာနာစိတ်ရှိစွာဖြင့် မီးဘေးအန္တရာယ်ကင်းဝေးအောင် ပူးပေါင်းဆောင်ရွက်သင့်ကြပါသည်။ အမှိုက်မီးရှို့ခြင်းဟု ဆိုသော်လည်း သစ်ရွက်၊ သစ်ကိုင်း၊ မြက်ခြောက်များအား စိုက်ပျိုးမြေရှင်းလင်းရင်း မီးပုံရှို့ကြသည်က များပါသည်။ သဘာဝက ထွက်လာသည့် စွန့်ပစ်ပစ္စည်းများဖြစ်သော်လည်း မီးရှို့လိုက်သည့်အခါတွင် ဘေးထွက်ဆိုးကျိုး အလွန်များသည့်အပြင် နောက်ဆက်တွဲအန္တရာယ်များစွာ ဖြစ်ပေါ်လာစေပါသည်။ ဘေးထွက်ဆိုးကျိုး အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မီးရှို့ရာမှ ထွက်လာသည့် ဓာတ်ငွေ့များက အိုဇုန်းလွှာကို ပျက်စီးစေခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ပိုမိုခံစားရစေပါသည်။

(၂) လေထုထဲမှ ကြပ်ခိုးများက နေအပူချိန်ကို စုပ်ယူပိတ်လှောင်ထားခြင်းကြောင့် ကမ္ဘာကြီး ပူနွေးလာမှုကို ပိုမိုဆိုးရွားစေပါသည်။

(၃) မြေကြီးပေါ်မီးပုံရှို့ရာမှ ထွက်လာသည့် ဓာတုပစ္စည်းများသည် မြေဆီလွှာထဲကိုရောက်ရှိပြီး မြေဆီလွှာကို ပျက်စီးစေပါသည်။

(၄) ဓာတုဓာတ်ပေါင်းစုံပါဝင်နေသည့် ပြာနှင့် အမှုန်အမွှား (Particulate Matter) များသည် လေနှင့် အတူလွင့်ပါပြီး စိုက်ခင်းများ၊ သောက်သုံးရေကန်များထဲမှတစ်ဆင့်လည်း လူ့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနိုင်ပါသည်။

(၅) မတော်တဆ မီးလောင်ကျွမ်းမှုများကို ဖြစ်စေနိုင်ပါသည်။

ထို့အပြင် ယခုအခါ လေထုညစ်ညမ်းမှုများကို ပိုမိုကြုံတွေ့နေရသလို မီးလောင်လွယ်သည့် ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပါကလည်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် အမှိုက်မီးပုံရှို့ခြင်းများကို အထူးသတိပြု၍ လုပ်ဆောင်သင့်ကြပါသည်။ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ရန်ကုန်မြို့ လေထုအရည်အသွေးညွှန်းကိန်း (AQI) သည် အနီရောင်အဆင့်တွင်ရှိနေကြောင်း ရန်ကုန်ရှိ သဘာဝပတ်ဝန်းကျင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Environment, Health and Safety Myanmar- EHS Myanmar မှ သိရှိရသည်။ US AQI 178 နှင့် PM2.5 level 93.6 µg/m³ ဖြင့် IQAir ဖော်ပြချက်အရ လေထုညစ်ညမ်းမှု ကမ္ဘာ့အဆင့်(၁၁)သို့ ရောက်ရှိနေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အခြေအနေဖြစ်ကြောင်းလည်း EHS Myanmar က အသိပေးထားခြင်းလည်း ဖြစ်သည်။

လေထုညစ်ညမ်းမှု ဖြစ်စေရသည့်အကြောင်းအရင်း အဓိကမှာ Temperature inversion ကြောင့် ဖြစ်သည့်အပြင် မော်တော်ယာဉ်အသုံးပြုမှု များပြားခြင်း၊ အမှိုက်မီးရှို့ခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူများနှင့် စွမ်းအင်သုံးစွဲမှုများလာခြင်းတို့ကြောင့် ဖြစ်ကြောင်း အသိပေးချက်တွင် ဆက်လက်ဖော်ပြထားပါသည်။ အလားတူဖြစ်စဉ်မျိုးမှာ ၂၀၂၅ခုနှစ် ဆန်းပိုင်း၌လည်း ရန်ကုန်မြို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှုအများဆုံးမြို့ အဆင့်(၂)နေရာကို ရောက်ရှိခဲ့ပြီးဖြစ်ကာ လူ့ကျန်းမာရေးအတွက် အန္တရာယ်ရှိသောအဆင့် ဖြစ်လျက်ရှိနေခဲ့ပြီးဖြစ်သည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီခွဲအချိန် AQI ညွှန်းကိန်းများအရ ရန်ကုန်မြို့၏ လေထုအရည်အသွေးသည် AQI ညွှန်းကိန်းမှာ (၂၂၆) ဖြစ်ကာ PM2.5 150.6 µg/m³ ဖြင့် ၂၀၂၅ ခုနှစ်အတွင်းတွင် အဆိုးရွားဆုံးသောနေ့တစ်နေ့အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းလည်း ဖြစ်သည်။ အေးသောဆောင်းရာသီတွင် အမှိုက်မီးရှို့ခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ရိတ်သိမ်းခြင်းများ၊ မီးစက်အသုံးများခြင်းနှင့် တနင်္လာနေ့နံနက်ဖြစ်သည့်အတွက် မော်တော်ယာဉ်အသုံးပြုမှု များပြားခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု ပိုမိုများပြားလျက်ရှိခဲ့ခြင်းဖြစ်သည်ဟု အသိပေးဖော်ပြထားပါသည်။

ထို့ကြောင့် ကလေးသူငယ်များ၊ အသက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများအနေဖြင့် လေထုညစ်ညမ်းမှုမြင့်မားချိန်တွင် ပြင်ပသို့ လုံးဝမထွက်သင့်ပါကြောင်းနှင့် အပြင်ထွက်မည်ဆိုပါကလည်း PM2.5 ကို ကာကွယ်ပေးနိုင်မည့် Mask များကို မဖြစ်မနေ ဝတ်ဆင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပညာရှင်များက အကြိမ်ကြိမ် သတိပေးထားခဲ့ပြီးလည်း ဖြစ်ပါသည်။

ထို့အပြင် အမှိုက်များကို မီးရှို့ခြင်း၏ နောက်ကွယ်တွင် ကျန်းမာရေးရှုထောင့်ကနေ ကြည့်လျှင်လည်း 'ဘာတွေဖြစ်လာနိုင်သလဲ' ဆိုသည်ကိုလည်း သတိပြုမိကြရန်လည်း လိုပါသည်။ အမှိုက်များကို မီးရှို့ခြင်း၏ နောက်ကွယ်ကို ရုတ်တရက်စဉ်းစားလိုက်လျှင် အမှိုက်များကို မီးရှို့ခြင်းသည် လေထုညစ်ညမ်းမှုလောက်သာ ဖြစ်စေသည်ဟု တွေးမိကြသူများပါသည်။ 'ရှူတဲ့သူတွေ နည်းနည်း ပါးပါး မွန်းလိမ့်မည်' စသည်တို့လောက်သာ တွေးမိနိုင်သော်လည်း တကယ့်လက်တွေ့မှာ ထိုထက်မက ပိုမိုဆိုးရွားလှပါသည်။ ကျန်းမာရေးရှုထောင့်တစ်ခုထဲကကြည့်လျှင်ပင် အမှိုက်များကို မီးရှို့ခြင်းသည် မွန်ရုံသာမွန်ခြင်းမဟုတ်ဘဲ ကိုယ်စားမည့် အစားအသောက်များထဲ၌ပင် အမှိုက်၏ နောက်ဆက်တွဲများ ပါလာနိုင်သည်ဟုပြောလျှင် ယုံကြည်ကြလိမ့်မည်မဟုတ်ပါ။ အမှန်မှာ အမှိုက်များကို မီးရှို့ခြင်းသည်ကျန်းမာရေးကို 'မည်သို့ထိခိုက်နိုင်သလဲ'ဆိုပါက အမှိုက်များကို မီးရှို့လိုက်ပါက ထွက်လာသည့် မီးခိုးငွေ့များထဲတွင် ဓာတုပစ္စည်းများ၊ အမှုန်များ တွဲပြီး ပါလာပါသည်။ အဆိုပါအမှုန်များ၊ ဓာတုပစ္စည်းများကို ရှူမိသည့်သူများမှာ မျက်ရည်ပူကျခြင်း၊ နှာမွန်ခြင်း၊ အသက်ရှူမဝခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း စသည်တို့ကို ဖြစ်စေတတ်ပါသည်။ နဂိုကတည်းက နှလုံးရောဂါ၊ ပန်းနာရင်ကျပ်၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါရှိသည့်သူများဖြစ်လျှင် ပိုမိုပြီး ဆိုးရွားစွာ ခံစားကြရမည်ဖြစ်သည်။ ထို့အပြင် အဆုတ်ပိုးဝင်ခြင်း၊ နမိုးနီးယားဖြစ်ခြင်း၊ လေပြွန်ရောင်ခြင်းနှင့် ဓာတ်မတည့်ခြင်းများကိုလည်း ပိုမိုဆိုးရွားစေနိုင်ပါသည်။ အမှိုက်များ အထူးသဖြင့် ပလတ်စတစ်များကို မီးရှို့သည့်အခါ Dioxins များ၊ Furans များ ပါရှိလာပါသည်။

အဆိုပါ ဓာတုပစ္စည်းများသည် နီးစပ်ရာ အရွက်များ၏ မျက်နှာပြင်မှာကပ်ပြီး လူသားများ၏ အစာကွင်းဆက်ထဲကို ရောက်ရှိလာနိုင်ပါသည်။ ဥပမာ အဆိုပါအရွက်များကို တိုက်ရိုက်စားမိခြင်း (သို့မဟုတ်) အရွက်များကို တိရစ္ဆာန်များက စားမိမည်ဆိုလျှင် အဆိုပါ အသား၊ ငါးများကို လူက စားမိသည့်အခါ ခန္ဓာကိုယ်ထဲကို ဝင်ရောက်လာနိုင်ပါသည်။ အမှိုက်များကို မီးရှို့သည့်အခါ အငွေ့များသာ လေထဲရောက်ပြီး ပျောက်ကွယ်သွားခြင်းမျိုး မဟုတ်ပါ။ မီးရှို့ရာမှ ထွက်လာသည့် ဓာတုပစ္စည်းအကြွင်း အကျန်များက မြေထုထဲကိုရောက်လျှင် စိုက်ပျိုးမြေများ ပျက်စီးခြင်း၊ စားပင်များ စိုက်သည့်အခါ ဓာတုပစ္စည်းများက စားပင်များထဲ၌ ပါလာနိုင်ခြင်း၊ ရေထဲကိုရောက်လျှင် ငါးများဆီ ရောက်ခြင်းမျိုးများ ဖြစ်လာနိုင်ပါသည်။ နောက်ဆုံးအဆုံးသတ်၌ အဆိုပါအစားအစာများကို စားသည့် လူများဆီသို့သာ ပြန်လည်ရောက်ရှိလာနိုင်ပါသည်။

လေ့လာတွေ့ရှိချက်များအရ Dioxins နှင့် Furans များ၏ ထိတွေ့မှုများသည် အချို့သောကင်ဆာများ၊ အသည်းပြဿနာများ ခုခံအားစနစ်၊ ဟော်မုန်းစနစ်၊ မျိုးပွားစနစ်ထိခိုက်မှုများ၊ ကလေးများ၌ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် အခြားသောဖွံ့ဖြိုးမှုများအပေါ် သက်ရောက်မှုရှိလာမည်ဟု ဆိုပါသည်။ 'အမှိုက်များကို အန္တရာယ်ကင်းကင်း ဘယ်လိုစွန့်ပစ်ကြမလဲ'ဆိုပါက အမှိုက်ထွက်နည်းစေရန်နှင့် အမှိုက်များကို အန္တရာယ်ကင်းကင်း စွန့်ပစ်နိုင်ရန်သာ ဆောင်ရွက်ကြရပါမည်။ အမှိုက်များနည်းအောင် စကတည်းက အမှိုက်များကို အိမ်မသယ်လာပါနှင့်။ ဥပမာ ကြွပ်ကြွပ်အိတ်များ လျှော့သုံးခြင်း၊ တစ်ခါသောက်ရေဘူးများကို ခဏခဏမဝယ်ဘဲ ရေဘူးကြီးများ ဆောင်ထားခြင်းမျိုးများကို ပြောင်းလဲလုပ်ဆောင်ရမည်ဖြစ်ပါသည်။ တတ်နိုင်သမျှ ပြန်သုံးလို့ရမည့်ပစ္စည်းမျိုးများကို ဝယ်ခြင်းသည်လည်း နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။ ကိုယ်မသုံးဖြစ်သည့်ပစ္စည်းများ (ဥပမာ-အဝတ်အစား၊ အိမ်သုံးပစ္စည်း)များကို တန်းမလွှင့်ပစ်ဘဲ ပြန်ရောင်းခြင်း၊ အသုံးတည့်မည့်သူကို ပေးလိုက်ခြင်းမျိုးများ လုပ်၍ရပါသည်။ ကိုယ်တိုင်လည်းပစ္စည်းများကို ပြန်ပြုပြင်ပြီးသုံးခြင်းကလည်း အမှိုက်အထွက်နည်းစေမည်ဖြစ်ပါသည်။ စာရွက်များကို အိတ်အနေဖြင့် ပြန်ခေါက်သုံးခြင်း၊ ပလတ်စတစ်ဘူးများကို အပင်စိုက်ခြင်း၊ ပစ္စည်းထည့်သည့် ဘူးအနေဖြင့် ပြန်သုံးခြင်းများ စသည်ဖြင့်လည်း ပြန်လည်အသုံးပြု၍ ရပါသည်။ နောက်တစ်ခုက ပျက်စီးဆွေးမြေ့နိုင်သည်များကို မြေဆွေးအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်သည်၊ နေရာလည်းရှိမည်၊ နည်းလည်းသိမည်ဆိုလျှင် စမ်းသပ်ကြည့်နိုင်ကြပါသည်။ ထို့အပြင်နီးစပ်ရာအမှိုက်ပုံ (သို့မဟုတ်) စည်ပင်ကားဖြင့် အမှိုက်များကို စနစ်တကျ ထည့်ပေးလိုက်ခြင်းမျိုးလည်း ပြုလုပ်နိုင်ပါသည်။

မည်သူမျှ ကိုယ်ပစ်လိုက်သည့် အမှိုက်များသည် ကိုယ်စားသည့် ထမင်းပိုင်း၌ ပြန်ပါလာလိမ့်မည်ဟု တွေးမိဖူးကြမည်မဟုတ်ပါ။ သို့သော်လည်း အမှိုက်များကို မီးရှို့ခြင်း၏ နောက်ကွယ်၌ အမှန်တကယ် ထိခိုက်နေသည့်အရာများသည် ဂေဟစနစ်နှင့် မိမိတို့ လူသားများသာဖြစ်ခြင်းကြောင့် စနစ်တကျ စွန့်ပစ်ရန်ကိုသာ တိုက်တွန်းလိုပါသည်။

အချုပ်အားဖြင့်ဆိုရသော် အမှိုက်များကို မီးရှို့ခြင်း၏နောက်ကွယ်၌ လေထုညစ်ညမ်းမှုသည် သိသာဆိုးရွားစွာ မြင့်တက်လာနေသလို အပူချိန်မြင့်မားလာစေသည့် ဂေဟစနစ်ပျက်ဆီးခြင်းများ၊ လူသားများ၏ ကျန်းမာရေးပြဿနာများ ပိုမိုဆိုးရွားလာခြင်းများကြောင့် အမှိုက်များကို လုံးဝမီးမရှို့သင့်တော့ဘဲ မြေဆွေးဖြစ်စေပြီး ပြန်လည်အသုံးချစေခြင်း၊ စနစ်တကျ စွန့်ပစ်ခြင်းများကို ပြည်သူလူထု ပူပေါင်းပါဝင်ဆောင်ရွက်ကြရမည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါ၍ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ကြပါရန် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ 'ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ စနစ်တကျ အမှိုက်စွန့်ပစ်ကြပါစို့'ဟု အလေးအနက် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**မောင်မောင်စွယ်စုံထွန်း**

## ယင်လုံအိမ်သာ ရာနှုန်းပြည့်လွှမ်းခြုံနိုင်ရေးအတွက် လူထုဦးဆောင်သော အသိပညာပေးလှုပ်ရှားမှု ဆောင်ရွက်

**မိတ္ထီလာ မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ယင်လုံအိမ်သာ ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် လူထုဦးဆောင်သော အသိပညာပေးလှုပ်ရှားမှု ဆောင်ရွက်ခြင်းကို မေလ ၃၀ ရက် နံနက် ၉ နာရီက တောမအုပ်စု၊ တောမကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပထမ ရက်(၁၀၀)စီမံချက်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအနက်မှ ယင်လုံအိမ်သာ ရာနှုန်းပြည့် လွှမ်းခြုံမှု ရရှိနိုင်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လူတိုင်း အခြေခံသန့်ရှင်းသော ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိအသုံးပြုနိုင်ပြီး တောထိုင်ခြလေ့ ကင်းစင်စေရန် ရည်ရွယ်၍ လူထုဦးဆောင်သော အသိပညာပေး လှုပ်ရှားမှု ဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်မှူး ဒေါက်တာရဲပိုင်၊ သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဒေသခံပြည်သူများကို ယင်လုံအိမ်သာ သုံးစွဲခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှခရိုင်မှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ အိမ်သာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၄၆၉)

*– *– *– *– *

## တောင်တွင်းကြီးမြို့တွင် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၃၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်း၊ အထွက်ကောင်း သီးနှံများရရှိရေးအတွက် ယမန်နေ့က ပန်းသွင်ကြီးကျေးရွာအုပ်စုတွင် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးငွေဆန်းက ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်း၊ အထွက်ကောင်းသည့် သီးနှံများ ရရှိရေးကိုလည်းကောင်း၊ တိုင်းမျိုးစေ့ တာဝန်ခံ ဒေါ်သီတာဝင်းက သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲရန် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မျိုးအေးက တောင်သူများ ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး နှမ်း၊ နေကြာ၊ ဝါနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိဿနီးမြေ)**



## ဌာနဆိုင်ရာရုံးများ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး

**ညောင်ဦး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများသို့ သွားရောက်ပြီး မီးဘေးလုံခြုံရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးသုတေသနဦးစီးဌာန ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အသိပညာပေး ဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝန်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ၊ အရေးပေါ် မီးငြိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများအလိုက် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံတွေ့လာပါက စနစ်တကျမီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ပစ္စည်းများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို အသိပညာပေး ရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အရေးပေါ်သတင်းပေးပို့ အကူအညီရယူနိုင်ရန်အတွက် ၁၉၁ Report Application ဆော့ဝဲလ်ထည့်သွင်းအသုံးပြုနည်း စနစ်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။ (၄၄၅)



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

### မိုးဦး ပွင့်ဦး ဆင့်ထူးအလှ

* ရာသီ သစ်ကြူး
မှတ်သုံးကူးပြီ
မိုးဦးနိဒါန်းဆန်းသကို။

* ရွှေမြရည်လူး
ရနံ့ထူးစည်
ပွင့်ဦးသမိုင်းယဉ်သကို။

* နေခြည်သစ်လောင်း
စာသင်ကျောင်းမှာ
ကောင်းကြောင်းစုံဆုံ ကောင်းကျိုးစုံ။
မြက်ပညာဂုဏ် ဆင်လွှမ်းခြုံ။
ပန်းနုသစ်ငုံ မွှေးပျံ့ထုံ။

* စာသင်ခန်းထက်၊ ဘဝင်တိုင်သာ
ကဗျာရွတ်သံ၊ စာအံသံတွေ
စီညံဝေနေကြပါစေ။

* စာမျက်နှာထက်၊ လက်ရေးလှလှ
ဝါကျစုံဖြာ၊ စာပန်းပွင့်တွေ
တင့်နေမြင့်နေကြပါစေ။ ။

**နိုင်စေရ(မန်းတက္ကသိုလ်)**

အမှိုက်ပစ်လျှင်
ဆင်ချင် စဉ်းစား
သင်စည်းကမ်းမဲ့
အမှိုက်ပစ်မှာလား။



# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပဒေသာပင်စိုက်ထူပူဇော်ပွဲ ကျင်းပ

**တာချီလိတ် မေ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်၊ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန်၊ ကုသိုလ်ကောင်းမှုများ စုပေါင်းဆောင်ရွက်နိုင်ပြီး သာသနာတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပဒေသာပင်စိုက်ထူပူဇော်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဒေသခံရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားအကများဖြင့်ကြိုဆိုပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မင်းထွန်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံ ဘာသာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ပကျနာပညာသိလ်၊ ချင်းရိုင်ခရိုင် ယဉ်ကျေးမှုဦးစီးဌာန မစ္စတာပိသန့်ဂျန်သိလ် ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဗုဒ္ဓဘာသာနွယ်ဝင် အလှူရှင်များက ဆရာတော်၊ သံဃာတော် ၉၉ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ကြည်နူးဖွယ်ရာ စုပေါင်းလောင်းလှူကြသည်။

ထို့နောက် ဧည့်ပရိသတ်များက နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တသုဓမ္မ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)(သာသနတက္ကသိုလမွှာစရိယ B.A Buddhism,M.Aသီရိလင်္ကာ) ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသောမင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး အလှူရှင်များက နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်နှင့် ထိုင်းနိုင်ငံမှ ဆရာတော်ဖရာခရူပိဆောင်နလာအွန် အမှူးထား၍ ဆရာတော်သံဃာတော်များအား နဝကမ္မဝတ္ထုငွေနှင့် ပဒေသာပင်များ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)ကျော်စေယျာလင်း**





# ပဌာန်းပူဇော်ပွဲအောင်ပွဲအပြီး သံဃာတော်များအား လှူဖွယ်များ လှူဒါန်း

**မန္တလေး မေ ၃၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မဟာလောကရံသီ အိမ်တော်ရာစေတီတော်၏ (၄၁)ကြိမ်မြောက် မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲအပြီး ပဌာန်းအောင်ပွဲသိမ်းအခမ်းအနားနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်များလောင်းလှူပွဲကို မေ ၃၀ရက်(နယုန်လပြည့်နေ့)မွန်းလွဲပိုင်းက အဆိုပါစေတီတော်ရှိ ရတနာဃရ ၁၄ ခန်း ဓမ္မဇိမာန်အတွင်း၌ ကျင်းပရာမိုးကောင်းကျောင်းတိုက် တိုက်အုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော် ၄၇ ပါး ကြွရောက်တော်မူကြပြီး အိမ်တော်ရာစေတီတော်ဂေါပက ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝေယျာဝစ္စလူငယ်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ဂါထာတော်များ ရွတ်ဖတ်၍ အခမ်းအနားကို ဖွင့်လှစ်ကာ မိုးကောင်းတိုက် ဒိုက်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တရားများ ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ မဟာလောကရံသီအိမ်တော်ရာစေတီတော် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးကော်မတီ နာယကသီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း(လူမှုထူးချွန်ပထမအဆင့်)က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားပြီး ဒိုက်ဦးကျောင်းဆရာတော်က ရေစက်ချအနုမောဒနာတရားချီးမြှင့်ကာ ပဋ္ဌာန်းပွဲတော် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က အောင်ပွဲသိမ်းဆုတောင်းမင်္ဂလာဂါထာကို ရွတ်ဖတ်သည်။

ထို့နောက် ဂေါပကအဖွဲ့ဝင် ဦးထွန်းမြင့်အောင်က အမျှဝေစာတမ်းဖတ်ကြားပြီး ပဋ္ဌာန်းပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးဦးက နတ်ပို့စာတမ်းဖတ်ကြားကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းပိတ်သိမ်း၍ ဆရာတော်၊ သံဃာတော် ၄၇ ပါးအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၃၂)**

# ဟွေထိုက်စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး မေ ၃၁**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းဒေသ ဆရာတော်ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာဘဒ္ဒမ္မဇောတိကသည် စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ် ဟွေထိုက်ထေရဝါဒသာသနာပြုကျောင်းတွင် တည်လျက်ရှိသော စေတီတော်ရင်ပြင်တော်ခင်းရန်အတွက် ၁၈ ပေ × ၁၈ ပေ ကြမ်းခင်းနှစ်ခင်းအတွက် ငွေကျပ်(လေးသိန်း)ကို အလှူရှင် ကလေးမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးခင်မောင်နိုင်နှင့် စစ်သည်များကလည်းကောင်း၊ အလားတူ မဟာရံတံတိုင်းအတွက် တစ်ခန်းစာ ငွေကျပ် နှစ်သိန်းကို အလှူရှင် ကလေးမြို့နယ် နယ်မြေခံတပ်နယ်မှ လှူဒါန်း၍လည်းကောင်း၊ ဘုရားမဟာရံတံတိုင်းအတွက် တစ်ခန်းစာ ငွေကျပ် နှစ်သိန်းကို အလှူရှင် မန္တလေးမြို့နေ ဦးစိန်မြ+ဒေါ်ရန်ကျင်းမန်၊ (သား)မောင်မိုးစက်ရန်၊ (သမီး) မစုစံလွင်တို့ကလည်းကောင်း အသီးသီး လှူဒါန်းကြရာ ဟွေထိုက်သာသနာပြုဆရာတော် ဘဒ္ဒန္တသဏ္ဍာစာရထံ လွှဲပြောင်းလှူဒါန်းပြီးဖြစ်ကြောင်းနှင့် အလှူရှင် အသီးသီးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆ ၀၈၅၀၃၉၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



# ချမ်းသာကြီးမြောက်တိုက်သာသနဇောတိက အုတ်ကျောင်းတည်ဆောက်ရန်အတွက် ငွေကျပ် သိန်းတစ်ထောင် မ,တည် လှူဒါန်း

**မန္တလေး မေ ၃၁**

မိခင်ဖောင်ဒေးရှင်းမှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် ချမ်းသာကြီးမြောက်တိုက် သာသနဇောတိက အုတ်ကျောင်းတည်ဆောက်ရန်အတွက် မ,တည် လှူဒါန်းငွေကျပ် သိန်းတစ်ထောင် လှူဒါန်းသည့် အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၇ လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ မိခင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ နေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် ချမ်းသာကြီးမြောက်တိုက် သာသနဇောတိက အုတ်ကျောင်းဆရာတော် ဦးပညာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး မ,တည် အလှူတော်ငွေကျပ် သိန်းတစ်ထောင်ကို မိခင်ဖောင်ဒေးရှင်းဥက္ကဋ္ဌက လှူဒါန်းခဲ့သည်။

မိခင်ဖောင်ဒေးရှင်းသည် ၂၀၁၅ ဇန်နဝါရီ ၄ ရက်မှစတင် တည်ထောင်ခဲ့သော အသင်းဖြစ်ပြီး ဘာသာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အထွေထွေကဏ္ဍဟူ၍ ကဏ္ဍလေးရပ်ခွဲကာ လိုအပ်သည့်နေရာများသို့ လိုအပ်သလို ကူညီလှူဒါန်းပေးနေသည့် ဖောင်ဒေးရှင်းဖြစ်ပါသည်။

၂၀၁၅ ခုနှစ်မှ စတင်ကာ ကိုဗစ်မတိုင်ခင် ကာလအထိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ခုတင် ၅၅၀ ကလေးဆေးရုံ၊ အရိုးဆေးရုံနှင့် ခုတင် ၃၀၀ သင်ကြားရေးဆေးရုံများသို့ သွေးများလှူဒါန်းခြင်း၊ အာဟာရဒါနအဖြစ် ဆန်ပြုတ်၊ ဂျုံယို၊ ကြက်ဥပြုတ်၊ ရေသန့်၊ ရေသန့်ရေခဲနှင့် ရေနွေးတို့ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လှူဒါန်းလျက်ရှိသည်။ ထို့အပြင် ဆေးရုံတက်ရောက်နေသည့် ငွေကြေးအခက်အခဲရှိ လူနာများအား ဆေးကုသစရိတ်များကိုလည်း လှူဒါန်းပေးလျက်ရှိသည်။

ယခုလက်ရှိတွင်လည်း ပညာသင်ကြားရေးတွင် အခက်အခဲရှိသော ကျောင်းသားများနှင့် ဆေးတက္ကသိုလ် တက်ရောက်နေသည့် အခက်အခဲရှိ ကျောင်းသားများကိုလည်း ပညာသင်စရိတ် ထောက်ပံ့ကူညီပေးထားကြောင်း၊ လူငယ်များအတွက် အရောင်းပညာ၊ စီမံခန့်ခွဲမှုပညာနှင့် ကွန်ပျူတာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(ကဆ)**



✱-✱-✱-✱-✱-✱

## လင်းလက်ကြယ်စင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပြင်ဦးလွင် မေ ၃၁**

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရေးနှင့်လူငယ်ကဏ္ဍကို မြှင့်တင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လင်းလက်ကြယ်စင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လွှန်းနန်းထွေးက လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက Moderator အဖြစ် ဆောင်ရွက်ပြီး လင်းလက်ကြယ်စင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ Gade-(12) ကျောင်းသား၊ ကျောင်းသူများဖြစ်သော မောင်ဘုန်းသန့်က ''လူငယ်နှင့်အားကစား'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဝင့်ဝါမောင်က ''ယနေ့လူငယ်ဟူသည်'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မနန်းခင်ဆောင်ဦးက ''လူငယ်နှင့် စိတ်ခွန်အား''၊ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းသား၊ ကျောင်းသူများ ဆွေးနွေးခဲ့ကြသည့်အပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။



ဆက်လက်ပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးခဲ့သော ကျောင်းသား၊ ကျောင်းသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုကတ်များနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ မေးခွန်းမေးမြန်းဆွေးနွေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်ပြီး၊ လူငယ်စကားဝိုင်းအား အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအားခင်းကျင်းပြသခဲ့ကြသည်။ လူငယ်စကားဝိုင်းသို့ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**သွေးသွေး(ခရိုင်၊ ပြန်/ဆက်)**



## ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**တာချီလိတ် မေ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက ပညာရေးကဏ္ဍ တိုးတက်ကောင်းမွန်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားရေးနှင့် ပညာသင်ယူမှုမပျက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ထို့ပြင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး၊ စည်းကမ်းကောင်းမွန်ရေးနှင့် ပညာရေးအရည်အသွေးမြှင့်တင်ရေးတို့အတွက် ဆရာ၊ ဆရာမများအနေဖြင့် တာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး စာသင်ကျောင်းများ၏ လိုအပ်ချက်များ၊ သင်ကြားရေးဆိုင်ရာ အခက်အခဲများနှင့် ပညာရေးမြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။တက်ရောက်လာသည့် ပညာရေးဝန်ထမ်းများက ကျောင်းများအတွင်း လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်၊ မြို့နယ်ပညာရေးမှူး ဦးလှမင်းနိုင်၊ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**တပ်ကုန်း မေ ၃၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းက အောင်ဇေယျရပ်ကွက်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဥက္ကဋ္ဌရခရိုင်ပညာရေးမှူး ဒေါက်တာမာမာဇင်က တပ်ကုန်းမြို့နယ်အတွင်း ကျောင်းနေအရွယ်ကလေးများ အားလုံးကျောင်းအပ်နှံနိုင်ရေး ''နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေး အားလုံးကျောင်းအပ်ကြစို့'' ဆောင်ပုဒ်နှင့်အညီ ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်းဖြစ်ကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် တာဝန်ရှိသူများက နိုင်ငံတော်မှပေးအပ်သည့် ကျောင်းသုံးစာရေးကိရိယာများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**




## ခရိုင်/ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် မေ ၃၁**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွင်း ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

၀–၀–၀–၀–၀

## ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေး

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မီးလောင် မီးလန့်မှုများမဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္တမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန် ၂၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများ ပူးပေါင်းကာ ယမန်နေ့ နံနက်ပိုင်းက (ဂ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ရာတွင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေးမှာကြားခဲ့ပြီး မီးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၄၉)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးလှကွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းဖောင်ခမ်း (ဘ)ဦးသန်းထွန်း(၁၃/နခန(နိုင်)၀၃၇၆၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၆)၊ ဦးပိုင်နံပါတ်(၈၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၅၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းမာ (ဘ)ဦးကျော်သန်း(၉/စကန(နိုင်)၀၀၄၃၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ်(၁၀+၁၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းစီရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဆိုင်းရော် (ဘ)ဦးမရန်ဂမ်(ခ)ဦးရန်ရှင်းရှန်(၁/မကန(နိုင်)၀၈၉၀၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးစိုးမင်းမောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)နှင့်ကပ်လျက် တောင်ဘက်ပိုင်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးရင် (ဘ)ဦးအိုက်ထွန်း (၁၃/ကမန(နိုင်)၀၂၇၄၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာဇန် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၃၅၄)၊ ဦးပိုင်အမှတ်(၁-ည)မြေကွက်အတွင်းမှ (၁၇ ဒသမ ၅×၂၁)ပေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်သို့ ဝင်ထွက်သွားလာရန် လမ်းမြေ (၃)ပေ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သည့် (၁) ဦးစိုးဝင်း (ဘ)ဦးချစ်မောင်(၉/မရတ(နိုင်)၀၅၃၁၄၂)၊ (၂)ဦးညီညီအောင် (ဘ)ဦးမောင်မောင်(၁၃/သပန(နိုင်)၀၂၉၉၈၇)၊ (၃)ဦးကျော်ဝင်း (ဘ)ဦးသောင်း(၅/စကန(နိုင်)၀၂၄၄၈၇)၊ (၄)ဒေါ်နန်းမွေး (ဘ)ဦးသိန်းမောင်(၉/မနတ(နိုင်)၀၆၀၇၄၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးစိုးသီဟ (ဘ) ဦးခင်မောင်ဦး(၉/အမရ(နိုင်)၁၇၅၈၀၄)နှင့် ဒေါ်ရွှေရည်ဦး (ဘ)ဦးမြင့်ဆွေ(၉/မဟမ(နိုင်)၀၆၀၂၇၂)တို့က အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ**
**ဦးသန်းစိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၅၃)၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၄၁၇၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်အမှတ်(၉၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကံရွှေ အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ၁။ ဦးမင်းမင်း (ဘ)ဦးဘမြိုင်(၇/ဖမန(နိုင်)၁၂၆၅၉၀)၊ ၂။ ဒေါ်သန်း (ဘ)ဦးသောင်း (၈/နမန(နိုင်)၁၀၄၃၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်သန့်ဇင် (ဘ)ဦးဝင်းမြင့်(၉/အမရ(နိုင်)၀၉၉၂၃၁) ဈေးတန်းရပ်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်သန့်ဇင်နှင့် ဒေါ်ညိုမီအောင် (ဘ)ဦးကြည်ဝင်း(၁၂/မရက (နိုင်)၀၀၃၅၀၆)၊ ဈေးတန်းရပ်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေထိုင်သူတို့သည် လွန်ခဲ့သည့် (၂၃)နှစ်ခန့်က အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား (၃)ဦး မွေးဖွားခဲ့ပါသည်။ ယနေ့အချိန်တွင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် (၂၅-၅-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူ လူကြီးမိဘ အသိသက်သေများ ရှေ့တွင် တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ညိုမီအောင်တို့ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ဒေါ်ညိုမီအောင်နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ အကြောင်းကိစ္စများ ကျွန်ုပ်မိတ်ဆွေနှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်သန့်ဇင်** | **ဦးစန်းဆွေ(LL.B)** |
| **၉/အမရ(နိုင်)၀၉၉၂၃၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၇၅၆) (၂၁-၁၂-၂၀၂၀)** |
| | **ဈေးချိုရပ်ကွက်၊ အမရပူရမြို့။** |
| | **ဖုန်း ၀၉-၄၀၂၆၃၈၃၁၈** |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၁)၊ ဦးပိုင်အမှတ်(၃၀-င)၊ ဧရိယာ (၀ ဒသမ ၀၁၂၄)ဧကရှိ ဒေါ်ပိုးဥဖွေး အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ပိုးဥဖွေး (ဘ)ဦးထွန်းအောင်နိုင် (၉/မဟမ(နိုင်)၀၄၁၀၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက တရားဝင်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သန်းလှိုင်**
**အထက်တန်းရှေ့နေ**
**၆၄(စီ)လမ်း၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြား၊ (ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၅၂၉**

**လျှပ်စစ်သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ**
**မသုံးရ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၂)၊ ဦးပိုင်အမှတ်(၃၉+၄၀)အတွင်းမှ (၄၀)ခဲစင်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်တုပ် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၂၈၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဦးမင်းအောင်၊ ဒေါ်လှလှမြင့်၊ ဒေါ်လှလှတင့်၊ ဦးမျိုးသန့်၊ ဦးအောင်နေမျိုး၊ ဒေါ်မြသီတာတို့၏ (GP ရရှိသူ ဒေါ်လှဲ့လှဲ့အောင်)မှ တာဝန်ခံလက်မှတ်ရေးထိုးပြီး ဦးမင်းအောင်(ပါ-၆)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၅၉၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီရှန်ဖိန်း(ခ)လီရှန်ဖိန်း(၁၃/ကခန(နိုင်)၀၆၃၁၄၈)က အမှုတွဲအမှတ်(၀၃၀၁/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် မေ ၃၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် ဇွန် ၁ ရက်တွင် ဓာတ်အားခွဲရုံ အမှတ်(၃)ရှိ ၁၁ ကေဗွီ ဇေယျာသိဒ္ဓိဓာတ်အားလိုင်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် မေ ၃၁

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကိုအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ် လူနေအဆောက်အအုံ သုံးလုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဖြင့် အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၂၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ကြွစွာ ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး အတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ တရားမဝင် အွန်လိုင်း လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## ရက်(၁၀၀)စီမံချက်ဖြင့် ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်လျက်ရှိ

**မန္တလေး မေ ၃၁**

မန္တလေးမြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများ ပြုပြင် ခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း ၁၂ လမ်း(ငွေတချောင်း)နှင့် ၆၆ လမ်းကြား၊ ရေမြောင်းများ (Precast U Drain နှင့် Precast Box Culvert)တည်ဆောက်ခြင်း လုပ်ငန်းများကို သတ်မှတ်ပေအရှည်များအတိုင်း မေ ၅ ရက်မှ စတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Ready Mixed Concrete

**စာမျက်နှာ ၁၀ သို့** ■

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၃၁

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဗိုလ်လုပွဲစဉ်အား MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနား ပြီးဆုံးသည်အထိ MRTV Sports နှင့် MRTV Entertainment Channel တို့တွင် ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်